


# ကတဉာဏ်

## သောတာပန်ဖြစ်ဖို့အနီးဆုံးရှုနည်း

၂၉၃

ဟောကြားသည့်နေ့
၃၀ – ၆ – ၆၁

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၁၂) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

0370
TITSARPARAMI LIBRARY

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# ကတညုတ်

## ( သောတာပန်ဖြစ်ဖို့အနီးဆုံးရှုနည်း )

ဟောကြားသည့်နေ့
(၃၀-၆-၆၁)

SARASVATI MAHAL LIBRARY

စာမူခွင့်ပြုချက်အမှတ် - ၅၈၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၅

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# ကာတညာဏ်

## (သောတာပန်ဖြစ်ဖို့အနီးဆုံးရှုနည်း)

ဟောကြားသည့်နေ့ (၃၀-၆-၆၁)

ဒကာ ဒကာမတို့ သန္တာန်မှာကိန်းအောင်းနေတဲ့ အဝိဇ္ဇာ သည်ကားလို့ဆိုလို့ရှိရင်ဖြင့်၊ ဒကာ ဒကာမတွေဟာ ဘယ်လိုစီမံ ရလိမ့်မယ်ဆိုတဲ့ဥစ္စာ ဦးဘရှင်းတို့ မေးဖို့လိုတယ်နော်. . . (မှန်ပါ)။

### သစ္စာမသိတဲ့အဝိဇ္ဇာ

ဒီဒကာ ဒကာမတွေကို သစ္စာမသိတဲ့ အဝိဇ္ဇာကကွာတဲ့ မင်းသည်ကားလို့ဆိုလို့ရှိရင်ဖြင့်၊ ဒီချောက်ထဲ ဆင်းလို့ရှိရင် ခုန်ချ

နိုင်လို့ရှိရင်ဖြင့်၊ အောက်ရောက်ရင် နတ်သမီးရလိမ့်မယ်လို့ အဝိဇ္ဇာက တရားဟောတော့ ပုထုဇဉ်တွေကလည်း အဝိဇ္ဇာမပယ်နိုင်သေးတော့ ခုန်ချတာနဲ့တူတယ်. . . (မှန်ပါ)၊ ဟိုကျတော့ မောင်နိုင် နတ်သမီးရသလား၊ သေပွဲရသလား. . . (သေပွဲရပါတယ်ဘုရား)။

ဒီမှာလဲတဲ့ ကိုပေါ်တို့ လူစု ကိုဝတို့လူစု၊ အဝိဇ္ဇာက သစ္စာမသိတော့ လူ့ပြည်နတ်ပြည်ဟာ ဒုက္ခသစ္စာတွေကွာ ဆိုတာ မသိတော့၊ တစ်ခါတည်း ဒကာ ဒကာမတွေက လူ့ပြည်ရောက်ကြောင်း နတ်ပြည်ရောက်ကြောင်းတွေကို ခုန်ချလိုက်တာပဲ. . . (မှန်ပါ)။

ခုန်ချလိုက်တဲ့အခါကျတော့ လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်တွေဖြစ်ပြီးသကာလ၊ သေပွဲတွေ မရဘူးလား. . . (ရပါတယ်ဘုရား)။

## ဘယ်သူက ခုန်ချခိုင်းတာတုံး

အင်း. . . ဘယ်သူက ခုန်ချခိုင်းတာပါလိမ့်မတုံးဆိုရင်ကော သိကြပလား. . . (သိပါပြီ)၊ ဘယ်သူပါလိမ့်. . . (အဝိဇ္ဇာပါဘုရား)။

ခုန်ချလိုက်တာ ဒကာ ဒကာမတို့၊ ပုညာဘိသင်္ခါရဆိုတဲ့ ဘုံဘဝတောင်းတတဲ့ ကုသိုလ်မျိုး၊ အပါယ်သွားစေတတ်တဲ့

အကုသိုလ်မျိုး၊ အဲ့ဒီ ကုသိုလ်၊ အကုသိုလ်နှစ်ခုက ခုန်ချလိုက်တာပဲ. . . (မှန်ပါ)။

ခုန်ချတဲ့ဟာ အကုသိုလ်နဲ့လည်းတူပါတယ်၊ ကုသိုလ်နဲ့လည်းတူပါတယ်. . . (မှန်ပါ)၊ အဲဒီတော့ ဒကာ ဒကာမတွေ သည် သစ္စာမသိသေးလို့ရှိရင်ဖြင့် လျှပြည် နတ်ပြည် အပါယ် လေးပါးဆိုတာကို ခုန်ချည့်ချနေတာပဲ. . . (မှန်ပါ)။

ဘာဖြစ်လို့ ခုန်ချတာတုံးဆိုတော့၊ အကုသိုလ်နဲ့ ခုန်ချ တာကလည်း သားတွေ မယားတွေ၊ စားဖို့ သောက်ဖို့ ဆိုတော့ အကုသိုလ် မရှောင်နိုင်ဘဲကိုး. . . (မှန်ပါ)။

မရှောင်နိုင်တော့ အကုသိုလ်သင်္ခါရတွေ လုပ်မိတာပေါ့ . . . (မှန်ပါ)၊ ဩော်. . . ငါသည် ဒုက္ခရောက်လိမ့်မယ်ဆိုတာကို မသိအောင်ဖုံးထားတာက အဝိဇ္ဇာ၊ သားသမီးအရေးနဲ့ စီးပွားရေး နဲ့ မုသားမရှောင် ဘာမရှောင်နဲ့ ပရိယာယ်မရှောင်နဲ့၊ လုပ်ကြ ကိုင်ကြတာက ခုန်ချတာ၊ အပုညာဘိသင်္ခါရဆိုတဲ့ အကုသိုလ် က ခုန်ချလိုက်တာ အပါယ်ရောက်တယ်. . . (မှန်ပါ)၊ မရောက် ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)။

## ခုန်ချတာ သိလို့လား၊ မသိလို့လား

ဩော်. . . ဒါ ဘယ်သူပါလိမ့်မတုံးဆိုလို့ရှိရင်ဖြင့် ခုန်ချ တာကတော့ အကုသိုလ်က ခုန်ချတာပဲ၊ သိလို့ ခုန်ချတာလား၊

မသိလို့ခုန်ချတာလား. . . (မသိလို့ခုန်ချတာပါဘုရား)၊ ဒါဖြင့် မသိတာက အဝိဇ္ဇာ၊ ခုန်ချတာက အကုသိုလ်ပေါ့ဗျာ. . . (မှန်ပါ)၊ တစ်ခါ အလှူကြီးအတန်းကြီး သားကလေးကြီးလာလို့ သမီးကလေး နားဖောက်ချင်လို့ လုပ်တဲ့ ကုသိုလ်တွေ ကြည့်လိုက် ပြန်တော့လည်းကွာ၊ တို့ပိုလာတာပဲ၊ သူတို့လည်း အရွယ်ရောက် ကုန်ပြီကွ၊ တစ်ဘဝ တစ်နပ်စာနဲ့လည်းမပြီးသေးတော့ ကုသိုလ် ရေးကလေး ဘာလေးလည်း၊ နောင်ဘဝ ချမ်းသာရေးကလေး လုပ်ကြည့်ဦးစို့ကွယ်ဆိုပြီး လင်နဲ့မယား တိုင်ပင်ကြပါတယ်၊ လင်နဲ့ မယား တိုင်ပင်ပြီး ကိုဝတို့ မဏ္ဍပ်ထိုးပြီးသကာလ၊ ကုသိုလ်လုပ် ကြမယ်. . . (မှန်ပါ)။

ဒီဘဝ ဆင်းရဲတော့ နောက်ဘဝ ချမ်းသာချင်တာကိုးဗျ . . . (မှန်ပါ)။

အဲဒီတော့ သူနောက်ဘဝ ဒုက္ခသစ္စာလို့ သိသေးရဲ့လား . . . (မသိပါဘုရား)။

နတ်သမီးရမယ်၊ နတ်သားရမယ်လို့သာ သူသိတယ်. . . (မှန်ပါ)၊ နတ်သမီး၊ နတ်သားရမယ်လို့ သူသိတဲ့အတွက်တဲ့ ကုသိုလ်ကလည်း ခုန်ချလိုက်တာပဲ. . . (မှန်ပါ)။

သိလို့ခုန်တာလား၊ မသိလို့ခုန်တာလား. . . (မသိလို့ ခုန်တာပါ)၊ မသိလို့ခုန်တာဆိုတာ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရာဆိုတာ မောင်နိုင်သဘောကျပလား. . . (ကျပါပြီဘုရား)။

မသိလို့ ခုန်ချလိုက်တာ နတ်ပြည်ရောက်သွားတယ်. . . (မှန်ပါ)၊ ခုန်လဲချပါရော နတ်ပြည်ရောက်တဲ့အခါကျတော့ ဦးဘရှင်းသေပွဲတွေ့ရတယ်. . . (မှန်ပါ)၊ မတွေ့ချင်ပါဘူးဆိုလို့ . . . (မရပါဘုရား)။

မတွေ့ချင်ပါဘူးဆိုတော့. . . (မရပါဘုရား)၊ အဲဒါ သူများ သစ္စာမသိတဲ့ပုဂ္ဂိုလ်၏ အလှူပွဲလားလို့၊ ကိုပေါ်တို့. . . ကိုဝတို့မေးရင် ဘယ့်နှယ်ဖြေပါ့မယ်. . . (သစ္စာမသိတဲ့ ပုဂ္ဂိုလ်၏ အလှူပွဲပါဘုရား)။

## သစ္စာမသိတဲ့ပုဂ္ဂိုလ်၏အလှူ

ဒါဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ်၏အလှူပွဲသည် နတ်သမီးရလိမ့်မယ်၊ နတ်သားဖြစ်လိမ့်မယ်ဆိုပြီး ခုန်ချလိုက်တာ. . . (မှန်ပါဘုရား)။

ဟိုကျတဲ့အခါကျတော့ နတ်ပြည်ရောက်တဲ့အခါ ကောင်းကောင်းနေရသလား အိုပွဲ၊ နာပွဲ၊ သေပွဲတွေပဲခင်းရသလားဆိုတာ အကဲခတ်ပါ. . . (အိုပွဲ၊ နာပွဲ၊ သေပွဲတွေပဲ ခင်းရပါတယ်ဘုရား)။

အိုပွဲ၊ နာပွဲ၊ သေပွဲတွေပဲ ခင်းရတယ်ဆိုတာ မရှင်းသေးဘူးလား. . . (ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် အိုပွဲ၊ နာပွဲ၊ သေပွဲ ရှိတဲ့ဆီ ခုန်ချပါလိမ့်မလဲလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့်၊ သစ္စာမသိတဲ့အဝိဇ္ဇာက အုပ်ချုပ်တာနဲ့ ဒကာ ဒကာမတွေကလည်း ကုသိုလ်နဲ့ ခုန်ချလိုက်ရလို့ရှိရင်ဖြင့် အိုပွဲ၊ နာပွဲ၊ သေပွဲ လွတ်လိမ့်မယ်၊ နတ်သမီး နတ်သားဖြစ်လိမ့်မယ်ဆိုပြီး ခုန်ချလိုက်တာ ဟိုကျတော့၊ ကိုဝ သေပွဲသွားတွေ့တယ်. . . (မှန်ပါ)၊ ဘယ်သူ့သတ္တိဆိုတာ ပေါ်ကြပလား. . . (အဝိဇ္ဇာသတ္တိပါဘုရား)။

နောက်က ဒကာ ဒကာမတွေ ဘယ်သူ့သတ္တိပါလိမ့် . . . (အဝိဇ္ဇာသတ္တိပါဘုရား)။

အဲဒါကြောင့် အလျှုပင် လျှုငြားသော်လည်း ဦးဘရှင်းရေ ကြောက်စရာကြီး. . . (မှန်ပါ)။

## အဝိဇ္ဇာနဲ့လှူတဲ့အလှူ

ဘယ်လိုပုဂ္ဂိုလ် ကြောက်စရာကောင်းပါလိမ့်မတုံးဆိုတော့ ဒီတရားတစ်ပွဲလုံးပဲ အဖြေထွက်ကြပါတော့တဲ့၊ သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ လှူတဲ့အလှူ. . . (မှန်ပါ)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဘာနဲ့ လှူတဲ့အလှူပါလိမ့်. . . (သစ္စာမသိတဲ့အဝိဇ္ဇာနဲ့ လှူတဲ့အလှူပါဘုရား)။

သစ္စာမသိတော့၊ အဝိဇ္ဇာ အုပ်ချုပ်ပြီးသကာလ မင်းခုန်သာချ၊ အောက်ချောက်ထဲရောက်ရင် နတ်သမီး နတ်သား ရလိမ့်မယ်ဆိုပြီး ခုန်ချလိုက်တာ ကုသိုလ် ပုညာဘိသင်္ခါရက ခုန် ခုန်ချလိုက်တာ. . . (မှန်ပါ)။

ခုန်ချလိုက်တဲ့အခါကျတော့ ဟိုမှာ. . . နတ်ပြည်မှာ လည်း အိုပွဲ၊ သေပွဲ၊ နာပွဲ၊ ဆွေးပွဲ၊ မျက်ရည်ကျပွဲတွေ မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီလောက်ခုန်ချရဲပါလိမ့်မလဲလို့၊ ကိုပေါ်တို့. . . ကိုဝတို့ မေးလို့ရှိရင် ဘယ့်နှယ်ပြောကြမယ် . . . (မသိလို့ ခုန်ချတာပါ)၊ မသိလို့၊ မသိတာ ဘယ်သူပါလိမ့်. . . (အဝိဇ္ဇာပါဘုရား)၊ ခုန်ချတာက သင်္ခါရ. . . (မှန်ပါ)။

မသိတာက. . . (အဝိဇ္ဇာပါဘုရား)၊ ခုန်ချတာက. . . (သင်္ခါရပါဘုရား)။

## အသေရှိတဲ့ဆီ ခုန်ချလိုက်တာ

သင်္ခါရဆိုတော့ ဒါဖြင့် ဒီထဲမှာလည်း အားလုံး အရင်း အချာတွေဖြစ်နေတော့ ဩော်. . . ငါတို့ပြုတဲ့ ကုသိုလ်သည် ကားလို့ဆိုရင်ဖြင့်၊ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည် ခုန်ချလိုက်တာ

ပဲ၊ အသေရှိတဲ့ဆီ ခုန်ချလိုက်တာ. . . (မှန်ပါ)၊ အသေလွတ်တဲ့ ဆီကို အဝိဇ္ဇာကအသိမှုမပေးဘဲကိုး. . . (မှန်ပါ)။

'ဒုက္ခနိရောဓ အညာဏံ' ဒုက္ခနိရောဓ = ဒုက္ခ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်၌၊ အညာဏံ = မသိတာသည်၊ အဝိဇ္ဇာ = အဝိဇ္ဇာပဲဆိုတော့ နိဗ္ဗာန်ကို သူ့ မသိဘူး. . . (မှန်ပါ)။

မသိတော့ ဒီချောက် ခုန်ချလိုက်လို့ရှိရင်ဖြင့် အောက်ကျရင်ဖြင့် နတ်သမီးနတ်သားဖြစ်လိမ့်မယ်၊ ရလိမ့်မယ်ဆိုပြီး ခုန်ချလိုက်တော့ ဇာတိကျတော့ အိုပွဲ၊ နာပွဲ၊ သေပွဲ၊ ဆွေးပွဲနဲ့ပဲ မတွေ့ရဘူးလား. . . (တွေ့ရပါတယ်ဘုရား)။

ကိုဝ ဒါဖြင့် ဘယ်သူ့သတ္တိပါလိမ့်မတုံး. . . (အဝိဇ္ဇာသတ္တိပါဘုရား)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ ဒီလိုခုန်ချတဲ့ ပုဂ္ဂိုလ်ပေါင်း ဘယ်လောက်များသတုံးလို့မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမလဲ. . . (မရေတွက်နိုင်ပါဘုရား)၊ ဒကာကြီးလှိုင် ပေါ်ပလားဗျာ . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် အလျှတွေ့ကို ဘယ်လိုအလျှတွေလျှလို့လဲ. . .' ဒီအထဲကပဲ ဆုံးဖြတ်ချက်ချပါတော့ဆိုတော့၊ သစ္စာမသိတဲ့ အလျှုတွေ. . . (မှန်ပါ)၊ မသေရာတော့ မသွားတတ်ဘူး၊ သေရာတော့ ခုန်ချရဲတယ်. . . (မှန်ပါ)၊ အတော်ဆိုးပါကလား . . . (ဆိုးပါတယ်ဘုရား)။

ဒါဖြင့် ဒီဒကာ ဒကာမတွေတော့ သစ္စာသိအောင် ဘုန်းကြီးက၊ ခင်ဗျားတို့ နတ်ပြည်ရောက်လည်း ဒုက္ခသစ္စာပဲနော်၊ ဗြဟ္မာပြည်ထဲရောက်လည်း. . . (ဒုက္ခသစ္စာပါပဲဘုရား)။

ဒုက္ခသစ္စာပဲ၊ ဒုက္ခက ဆင်းရဲတာ၊ သစ္စာက မှန်တာ၊ ဆင်းရဲအမှန်ပဲရမယ်. . . (မှန်ပါ)။

## ငွေကုန်ရင်လူချမ်းသာပါစေ

ဒါဖြင့် ခင်ဗျားတို့ ငွေကုန်လူပန်း မလုပ်ပါနဲ့၊ ငွေကုန်လို့ ရှိရင် လူချမ်းသာပါစေ. . . (မှန်ပါ)၊ ပြောထိုက် မပြောထိုက်. . . (ပြောထိုက်ပါတယ်ဘုရား)။

ငွေကုန်လို့ရှိရင်. . . (လူချမ်းသာပါစေ)၊ လူချမ်းသာပါစေ၊ အခု သစ္စာမသိတဲ့ပုဂ္ဂိုလ်များ လှူကြ၊ တန်းကြ၊ ပေးကြ၊ ကမ်းကြတာဖြင့် ငွေကုန်ပြီးသကာလ၊ နောက်ဘဝ ဒုက္ခသစ္စာ ရလို့ ပန်းရပါတယ်. . . (မှန်ပါ)၊ မဆိုနိုင်ကြဘူးလား. . . (ဆိုနိုင်ပါတယ်)၊ အင်မတန် မနစ်နာဘူးလား. . . (နစ်နာပါတယ် ဘုရား)။

ဒါကလည်း အခု ဆရာကောင်းသမားကောင်းက ကိုပေါ်၊ ကိုဝတို့ အင်မတန်ရှင်းအောင်ပြောလို့နော်. . . (မှန်ပါ)၊ ရှင်းအောင်သာမပြောဘူးဆိုလို့ရှိရင်ဖြင့် တို့ကွာ နိဗ္ဗာန်လည်း, ရမှာမဟုတ်တော့ နိဗ္ဗာန်မရမီစပ်ကြား ချမ်းသာကို လူ့ပြည်၊ နတ်ပြည် အစုန်အဆန် ခံစားချင်သေးတယ်ကွာဆိုတဲ့ အဓိပ္ပာယ်ကော မလာဘူးလား. . . (လာပါတယ်ဘုရား)။

## အစုန်အဆန်သေနေရတာ

အစုန်အဆန် ခံစားတာလား. . . အစုန်အဆန် သေနေရတာလား. . . (အစုန်အဆန်သေနေရတာပါဘုရား)၊ အစုန်အဆန်သေနေရတာဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဩော်. . . ဒါဖြင့် သစ္စာမသိတဲ့ဒဏ်ချက်လောက် ဦးဘရှင်း၊ ပြင်းထန်တာရှိသေးရဲ့လား. . . (မရှိပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘာကလေးလှျှလှျှ ဘာကလေးတန်းတန်း လူမဖြစ်ချင်ပါနဲ့၊ လူဖြစ်ချင်ရင် အသေရပါလိမ့်မယ်. . . (မှန်ပါ)၊ နတ်မဖြစ်ချင်ပါနဲ့ . . . (နတ်ဖြစ်ရင် အသေရမှာပါဘုရား)၊ ဗြဟ္မာမဖြစ်ချင်ပါနဲ့ . . . (ဗြဟ္မာဖြစ်ရင် အသေရမှာပါဘုရား)။

အသေရမှာဆိုတော့ ဒါ ကိုဝ. . . ငြင်းဖို့လိုသေးသလား . . . (မလိုပါဘုရား)၊ ဒါ ဘယ်ပုဂ္ဂိုလ်၏ အလှူတဲ့ဗျာ. . . (သစ္စာမသိတဲ့ပုဂ္ဂိုလ်၏အလှူပါ)၊ နိဗ္ဗာန်ရသလား. . . ဒုက္ခရသလား . . . (ဒုက္ခရပါတယ်ဘုရား)။

ဒါကြောင့်တဲ့ ခင်ဗျားတို့ အဝိဇ္ဇာ၏ဒဏ်ချက်၊ အတော်ပြင်းထန်တယ်ဆိုတာ၊ ကျုပ်တို့သံသရာရှည်တာ၊ သူပဲဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်စဉ်နဲ့ ဘုရားဖြစ်ခါနီးကျတော့၊ ငါသည် သတ္တဝါဖြစ်ကြောင်းလည်း သိပြီကွ. . . သတ္တဝါချုပ်ကြောင်းလည်း သိပြီကွာ ဆိုထဲ နှစ်ချက်သိမှ သူ့ခမျာဘုရားဖြစ်တယ်. . . (မှန်ပါ)။

## ဘုရားဘယ်အချိန်ဖြစ်သလဲ

သတ္တဝါဖြစ်ကြောင်းလည်း သူသိပြီ. . . (မှန်ပါ)၊ အဝိဇ္ဇာကစတယ်ပေ့ဆိုတာ သူသိတဲ့အတွက် ဘုရားဖြစ်တာပဲ. . . (မှန်ပါ)၊ သတ္တဝါချုပ်ကြောင်း ပြော်. . . အဝိဇ္ဇာချုပ်မှ ချုပ်မှာပါကလားဆိုတာလည်း မသိဘူးလား. . . (သိပါတယ်)၊ အဲဒီသိတဲ့အချိန်မှာ၊ ကိုဝ ဘုရားဖြစ်တယ်. . . (မှန်ပါ)။

ဘုရားဘယ်အချိန်ဖြစ်တယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ သိထားတာက အရဏ်တက်ဘုရားဖြစ်တယ်သာ သိနေတယ်. . . (မှန်ပါ)။

မောင်နိုင်တို့ သိထားတာကဘာပါလိမ့်. . . (အရုဏ်တက်ဘုရားဖြစ်ပါတယ်ဘုရား)။

အရုဏ်တက် ဘုရားဖြစ်တယ်ဆိုပြီး မိုးမလင်းခင် အနေကဇာတင်ရအောင် ဒါလောက်သာသိနေတာကိုး. . . (မှန်ပါဘုရား)။

## ဘုရားဖြစ်ခြင်း၏အကြောင်း

စင်စစ်တော့ အဲဒါက ဘုရားဖြစ်တဲ့အချိန်ကို သိတာပါတဲ့. . . ဘုရားဖြစ်ခြင်း၏အကြောင်းက အဝိဇ္ဇာချုပ်တဲ့အချိန်မှာ ဘုရားဖြစ်တာ. . . (မှန်ပါ)၊ မောင်နိုင် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် အဝိဇ္ဇာ ဘယ်အချိန်ချုပ်သတုံးဆိုတဲ့အခါကျလို့ ရှိရင်ဖြင့် နံနက်လင်းခါနီးမှာ အဝိဇ္ဇာချုပ်သွားတယ်. . . အဝိဇ္ဇာ ဖြစ်ကြောင်းကိုလည်း၊ အဝိဇ္ဇာကြောင့် ဒုက္ခရောက်ရတဲ့ အကြောင်းကိုလည်း ဘုရားက အစသိတယ်နော်. . . (မှန်ပါ)။

နောက်ကျတော့ အဝိဇ္ဇာချုပ်သွားတော့ ဘုရားမဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

## ကိလေသာမာန်အောင်ပွဲယူတယ်

အဲဒီတွင်မှ ငါဘုရားဖြစ်ပြီဆိုပြီး. . . 'ဝိမူပယံ တိဋ္ဌတိ မာရသေနံ"ဆိုတဲ့ ကိလေသာမာန်အောင်ပွဲ ယူပကွာဆိုပြီး သကာလ၊ ဘုရားဖြစ်တဲ့အကြောင်းကို ခင်ဗျားတို့ နံနက်အနေကဇာတင်တော့ ပါပါတယ်. . . (ပါပါတယ်ဘုရား)၊ မပါကြဘူးလား. . . (ပါပါတယ်ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပာဒ်သိလို့၊ ဖြစ်ကြောင်းသိလို့လဲ ဘုရားဖြစ်တယ်၊ ချုပ်ကြောင်းသိလို့လဲ. . . (ဘုရားဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တည်ချင်ကြလို့ရှိရင်လဲ အဝိဇ္ဇာ၏ဖြစ်ကြောင်း၊ ဒုက္ခပေးကြောင်း ကိုလဲ သိပါမှ. . . (မှန်ပါ)၊ အဝိဇ္ဇာချုပ်မှ ဒုက္ခဟူသရွေ့ ချုပ်မယ် ဆိုတာလဲ သိပါမှ သောတာပန် တည်မယ်. . . (မှန်ပါဘုရား)၊ နို့မဟုတ်ရင် တည်နိုင်ကြပ့ါမလား. . . (မတည်နိုင်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဩော်. . . ဒီအရေးဟာဖြင့် သာမညအရေးမဟုတ်ပါလား၊ ကြီးကျယ်ခမ်းနားတဲ့ အရေးပါ လားဆိုပြီး ဒီတရားကိုဂရုစိုက်ပါ. . . (မှန်ပါ)။

ခင်ဗျားတို့ ရေလဲ ပန်းတွေ မီးတွေပူဇော်ကြပြီးသကာလ၊ ဝဋ္ဋဘဝတိုတိုနဲ့ နိဗ္ဗာန်မဂ်ဖိုလ် ရရပါလို၏ဆိုလို့ရှိရင်၊ အဝိဇ္ဇာက မချုပ်ရင်၊ ကိုဝ ရ မရ. . . (မရပါ)၊ အဝိဇ္ဇာဖြစ်နေရင်ကော. . . (မရပါ)၊ မချုပ်သေးရင်ကော. . . (မရပါ)၊ မရသေးပါဘူးဆိုတာ သေချာပလား. . . (သေချာပါပြီ)၊ သဘောပါကြပလား. . . (ပါပါပြီဘုရား)။

အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါသည် အဝိဇ္ဇာကို ဒုက္ခဖြစ်ကြောင်းလို့ မသိသေးဘူး၊ ထိုအခါမှာ ငါ့ကိုယ်ငါ ဘုရားဖြစ်ပြီလို့ ဝန်မခံသေး. . . (မှန်ပါ)၊ ပေါ်ကြပ လား. . . (ပေါ်ပါပြီ)။

အဝိဇ္ဇာသည် ဒုက္ခဖြစ်ကြောင်းလို့ ငါ့ဉာဏ်ထဲမှာဖြင့်၊ ကိစ္စ ဉာဏ်နဲ့မသိသေး၊ ထိုအခါ ငါသည် ဘုရားဖြစ်ပြီလို့ လောကကြီး

ထဲမှာ ကြော်ငြာမပေးသေးဘူး. . . (မှန်ပါ)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

## အဝိဇ္ဇာချုပ်တဲ့အကျင့် ကျင့်လိုက်လို့

အကြင်အခါ၌ အဝိဇ္ဇာချုပ်သွား၏၊ ခန္ဓာထဲမှာ အဝိဇ္ဇာချုပ်တဲ့အကျင့် ငါကျင့်လိုက်လို့ ချုပ်သွား၏။ ထိုအခါ၌ ငါသည် ဘုရားဖြစ်ပြီဟု သုံးလောကစာတ်မှာ ကြော်ငြာပေးလိုက်၏ . . . (မှန်ပါ)။

ကဲ. . . ဘယ်သူလိုရင်းဆိုတာ မောင်နိုင်ပေါ်ရောပေါ့ . . . (ပေါ်ပါပြီဘုရား)။

နောက်က ဒကာ ဒကာမတို့ ပေါ်ကြပလား. . . (ပေါ်ပါပြီ)၊ ဘာပေါ်ပါလိမ့်ဗျာ. . . (အဝိဇ္ဇာချုပ်မှပါဘုရား)။

အဝိဇ္ဇာချုပ်မှ ဘုရားဖြစ်တယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ အဝိဇ္ဇာဖြစ်ကြောင်း သိမှလည်း ဘုရားဖြစ်တယ်. . . (မှန်ပါ)။

အဝိဇ္ဇာချုပ်ကြောင်းလည်း. . . (သိမှဘုရားဖြစ်ပါတယ်)၊ ကိုင်း ဒါဖြင့် အဝိဇ္ဇာချုပ်အောင်မလုပ်နိုင်တဲ့ ပုဂ္ဂိုလ်တွေအတွက်မှာဖြင့်၊ ဦးဘရှင်းရေ ဘယ်နည်းနဲ့ နိဗ္ဗာန်ရမလဲ. . . (မရနိုင်ပါ)၊ မရနိုင်ဘူးဆိုတာကော သေချာပလား. . . (သေချာပါပြီ)။

အေး. . . ဒါကြောင့် ဒီနေ့ည ကိစ္စညဏ်ကို သေသေချာချာပြောပါ့မယ်၊ ဒကာ ဒကာမတို့ ကြိုးကြိုးစားစားနဲ့ နားထောင်ပြီးသကာလ ဩော်. . . ဒါရှုရင် ဒီလိုရှုရမှာကလား ဆိုတာ မှတ်ရတော့မယ်. . . (မှန်ပါ)။

## သန္တာပဋ္ဌောဆိုတဲ့ကိစ္စညဏ်

ပီဠုနဋ္ဌောကို အရင်ရက်ကဟောခဲ့ပြီ၊ သင်္ခတဋ္ဌောဆိုတဲ့ ကိစ္စညဏ်ကိုလည်း မနေ့ကဟောခဲ့ပါပြီ၊ ဒီနေ့ရတော့ သန္တာပဋ္ဌောဆိုတဲ့ ကိစ္စညဏ်ကို ဟောလိမ့်မယ်. . . (မှန်ပါ)။

သန္တာပဋ္ဌောဆိုတဲ့ ကိစ္စညဏ်ဟောလိမ့်မယ်လို့ ဒကာ ဒကာမတွေ မှတ်ထားစမ်းပါ. . . (မှန်ပါ)။

သန္တာပဋ္ဌောဆိုတာ ပူလောင်တာ၊ ဒုက္ခသစ္စာကြီး ရှိနေလို့ရှိရင် အမြဲပူလောင်တာပဲ ဒကာ ဒကာမတွေ။

ဒီဒုက္ခသစ္စာကြီး ခန္ဓာကြီးရှိနေရင် အမြဲပူလောင်နေမှာပဲ . . . (မှန်ပါ)၊ ဘယ့်နှယ်ပူလောင်နေသတုံးလို့ မေးတဲ့အခါကျတော့မှ ဒကာ ဒကာမတို့၊ ကိလေသာမီးက ခန္ဓာကြီးလောင်နေတာကိုး. . . (မှန်ပါ)။

ကိလေသာမီးက. . . (ခန္ဓာကြီးလောင်နေပါတယ်ဘုရား)။

## ကိလေသာမီးက လောင်နေတယ်

ကိလေသာမီးက ခန္ဓာကြီးလောင်တော့ အိပ်လို့မပျော်၊ စားလို့မဝင် တွေးလုံးတွေနဲ့ ဆွေးလုံးတွေကလာ၊ အင်း ဘယ့်နှယ် ကြောင့် ဒီခန္ဓာကြီးဖောက်ပြန်နေပါလိမ့်မတုံးလို့ ကိုဝ မေးလို့ ရှိရင် ကိလေသာမီးလောင်လို့ အပူဓာတ်တွေလောင်နေလို့ဆိုရင်၊ လွဲပါ့မလား. . . (မလွဲပါ)။

ဒါဖြင့် သန္တာပဒ္ဓောကိလေသာမီး၊ ဒုက္ခမီးတို့ဖြင့် ငြီးငြီး တောက်ပြောင် အမြဲလောင်ကျွမ်း၍နေတာကိုလည်း ခင်ဗျားတို့ မြင်ရမယ်. . . (မှန်ပါ)။

ကိလေသာမီးကလည်း. . . (အမြဲလောင်ပါတယ်)၊ ဒီခန္ဓာပဲလောင်တယ်. . . (မှန်ပါ)။

ကာယိကဒုက္ခ စေတသိကဒုက္ခမီးတွေကကော. . . (အမြဲလောင်ပါတယ်ဘုရား)၊ ဒီခန္ဓာပဲ လောင်နေတာကိုတဲ့ အရိယာမျက်လုံးတပ်ပေးမည့်သူမရှိရင် မြင်ကိုမမြင်ရပါဘူး. . . (မှန်ပါ)။

အရိယာမျက်လုံးတပ်ပေးမည့်သူရှိတဲ့အခါကျတော့မှ ဩော်. . . ခန္ဓာကြီး ဉာဏ်နဲ့ စိုက်လိုက်တဲ့အခါကျတော့မှ ကိုဝ ရေ . . ဟိုနေရာက နာပြန်တာလည်း အင်း. . . ဒုက္ခမီးလောင် ပြန်ပြီ. . . (မှန်ပါ)၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)။

အခုပြောမယ်လို့ဆိုကာရှိသေးတယ်၊ မေ့သွားပြန်ပြီဆိုတဲ့ ဥစ္စာ၊ စဉ်းစားကြည့်လေ အဝိဇ္ဇာဆိုတဲ့ကိလေသာမီးက ခင်ဗျားတို့ ပြောချင်တဲ့စိတ်ကလေး လောင်ပစ်လိုက်တာ. . . (မှန်ပါ)။

ပြောချင်တဲ့စိတ်ကလေးကို. . . (လောင်ပစ်လိုက်တာပါ)၊ အဝိဇ္ဇာကလောင်ပစ်လိုက်တာ. . . (မှန်ပါ)။

အဲဒီတော့ မောင်နိုင်တို့က အသံထွက်လာတယ်၊ ကျုပ်ပြောမလို့ မေ့သွားတယ်။

မောင်နိုင်ပြောချင်တဲ့စိတ်ကလေးကို ဘယ်သူကလောင်ပစ်လိုက်သတုံး. . . (အဝိဇ္ဇာကလောင်ပစ်လိုက်ပါတယ်ဘုရား)။

အဝိဇ္ဇာဆိုတဲ့ ကိလေသာမီးက လောင်ပစ်လိုက်တယ် . . . (မှန်ပါ)။

တော်တော်ကြာကျလို့ရှိရင် ဘာကလေးယူခဲ့မလို့၊ ဘာကလေးလျှမလို့၊ ဘာကလေးတန်းမလို့ စိတ်ကူးလိုက်တယ် မောင်နိုင်. . . (မှန်ပါ)၊ တော်တော်ကြာကျလို့ရှိရင် မေ့ပစ်ခဲ့တယ် . . . (မှန်ပါ)၊ လှူချင်တန်းချင်တဲ့ စိတ်ကလေးကို အဝိဇ္ဇာဆိုတဲ့ ကိလေသာမီးက လောင်ပစ်လိုက်တယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

## မေ့တိုင်းမေ့တိုင်းလောင်နေတယ်

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ ကိလေသာမီးဟာ မေ့တိုင်းမေ့တိုင်း လောင်နေတယ်. . . (မှန်ပါ)။

ဒါ ခင်ဗျားတို့ကလည်း ကျက်သရေယူတယ်၊ ဒကာ ဒကာမတွေက ကျက်သရေယူတယ်၊ ကျုပ်က မေ့တတ်တယ်၊ ဗွေမယူပါနဲ့၊ ကိုဝ ဒီလိုပြောလေ့ရှိတယ်. . . (မှန်ပါ)။

ကျုပ်ကဘာတဲ့. . . (မေ့တတ်ပါတယ်)၊ ပြီးတော့ ဘယ်လိုဖုံးလိုက်သတုံး. . . (ဗွေမယူပါနဲ့တဲ့)။

ဗွေမယူပါနဲ့ အံမယ်လေး ကြောက်စရာကြီးပါလား၊ သူ့ဟာပြောရင်လည်း ဒကာ ဒကာမတွေ ဒီလိုပြောလိုက်စမ်းပါ၊ ကျုပ်က ကိလေသာပေါပါတယ်၊ ဒါ့ကြောင့် ကိလေသာမီးတွေက လောင်လောင်ပစ်သောကြောင့် သန္တာပဋ္ဌမီးက ကျုပ်ကိုအမြဲ လောင်နေသောကြောင့် ကျုပ်အတွက်ဖြင့် ဘယ်လိုမှမစဉ်းစား ကြပါနဲ့၊ ကိလေသာပေါများလွန်လို့ လောင်တတ်တဲ့တရားတွေ က လောင်လွန်းလို့ ပြောလိုက်သော်လည်း ကျက်သရေမရှိလို့ ကိုဝ မသုံးဘူးဗျ. . . (မှန်ပါ)။

စင်စစ်တော့ မေ့တယ်ဆိုတာ ဘယ်သူလောင်တာတုံး . . . (ကိလေသာမီးလောင်တာပါ)၊ အဝိဇ္ဇာဆိုတဲ့ ကိလေသာမီး လောင်တာ. . . (မှန်ပါ)။

## သူတော်ကောင်းအလုပ်မေ့တယ်

တဏှာဆိုတဲ့ ဒိပြင်ကိစ္စတွေကို လုပ်နေရတာနဲ့ သူတော် ကောင်းအလုပ် မေ့တယ်ဆိုတာလည်း ကိုဘရှင်း၊ ဒါလောကီ

အရောင်းအ၀ယ် လောဘကိစ္စတွေကလည်း ကုသိုလ်စိတ်တွေကို ဘာလုပ်ပစ်သလဲ. . . (လောင်ပစ်ပါတယ်)။

လောင်ပစ်လိုက်တယ်၊ လောင်ပစ်လိုက်တဲ့အခါကျတော့ သိရသေးရဲ့လား. . . (မရပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေမှာ ဒီလိုသွားမယ်ကြံလို့၊ ဆင်မည့်ပြင်မည့်အလုပ်တွေ ကိစ္စတွေကို ဟိုဟာအချိုးမကျ၊ ဒီဟာအချိုးမကျ၊ ဟာ-ကို၀- ဘာဖြစ်သတုံး. . . (ကိလေသာမီးလောင်တာပါဘုရား)။

အဲဒါ ဘယ်သူမှမသိဘူး. . . (မှန်ပါ)၊ ဘယ်သူ့ကိုလောင်သတုံးမေးတဲ့အခါကျတော့ ခုနကကောင်းတဲ့ စိတ်ကလေးကို လောင်လိုက်တာ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ကောင်းတဲ့စိတ်ကလေး လောင်တော့ မောင်နိုင်ရေ. . . ရုပ်ကော မလောင်ဘူးလား. . . (လောင်ပါတယ်)၊ စိတ်နဲ့ရုပ်ဟာ တွဲလျက်ပါလား. . . (မှန်ပါ)။

ဒါဖြင့် စိတ်ရောရုပ်ရော ဘယ့်နှယ်နေသတုံး. . . (လောင်ပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတွေ အခုလို သစ္စဉာဏ်၊ ကိစ္စဉာဏ်နဲ့ ပြောလိုက်တော့မှ ဩော်. . . ကိလေသာမီးဟာ တယ်လောင်ချက်ပြင်းပါတလားဆိုတဲ့ဉစ္စာ သူက လောင်ခြင်းကိစ္စရှိတာကိုး. . . (မှန်ပါ)။

ကိလေသာမီးဟာ ဘာလုပ်သလဲ. . . (လောင်ခြင်းကိစ္စ ရှိပါတယ်ဘုရား)။

## ဟိုဟာမေ့၊ ဒီဟာအချိုးမကျ

လောင်ခြင်းကိစ္စရှိတာနဲ့ပဲတဲ့၊ ဒကာ ဒကာမတွေ ဟိုဟာ မေ့ ဒီဟာအချိုးမကျ၊ အလုံးစုံအကုန်ဖြစ်နေတာ မောင်နိုင် ပေါ် လောက်ပါပြီ. . . (ပေါ်ပါပြီဘုရား)၊ ဘာလောင်တာတုံး . . . (ကိလေသာမီးလောင်တာပါ)။

ကိလေသာမီး လောင်လိုက်တာ ဒကာ ဒကာမတွေ ပစ်ထားခဲ့၊ ဘယ်လိုဖြစ်နေခဲ့ ဗလဗွေ ကျဲနေရစ်တံခါးမပိတ်မိ ကိုဝ ဘာတွေဖြစ်နေတာတုံး. . . (ကိလေသာမီး လောင်နေတာ ပါဘုရား)။

ကိလေသာမီး လောင်နေတာနော်. . . အခု ပြောမည့် ဥစ္စာကလေး ကိုဝ. . . ဟိုပြောမည့်ဟာကလေး မပြောဖြစ်၊ ဟိုဘက်ရောက်သွားလိုက်၊ ဘာဖြစ်တာတုံးမေးရင် ဘယ့်နှယ် ဖြေကြမလဲ. . . (ကိလေသာမီးလောင်တာပါဘုရား)။

## ဘာကိုလောင်ပါလိမ့်

ဩော်. . . ဒါဖြင့် ကိလေသာမီးဟာ ဘာကို လောင်ပါ လိမ့်မတုံး မေးတဲ့အခါကျတော့ စိတ်ကိုလည်းလောင်တယ်. . . ရုပ်ကိုကော. . . (လောင်ပါတယ်ဘုရား)။

ရုပ်ကိုလောင်တာများ သိသာလိုက်တာ. . . ဟိုဘက်သွားမယ်လို့ လုပ်နေတဲ့ဥစ္စာ၊ ဒီဘက်ပြန်လှည့်ချင် လှည့်လာတယ် . . . (မှန်ပါဘုရား)။

ဟိုဘက်သွားတဲ့ရုပ်ကို လောင်ပစ်လိုက်တာ၊ ဒီဘက်ပြန်တဲ့ ရုပ်ပြန်ဖြစ်မလာဘူးလား. . . (လာပါတယ်)၊ ဒါဘယ်သူလောင် လိုက်တာပါလိမ့်. . . (ကိလေသာမီးလောင်တာပါ)။

အချို့များအထဲဝင် အပြင်ထွက်ကိုပဲ ငြိမ်းနိုင်သေးရဲ့လား . . . (မငြိမ်းနိုင်ပါဘုရား)။

ဟာ. . . ဘာဖြစ်နေတာတုံးမေးရင် ဘယ့်နှယ်ပြောပါ့မယ်. . . (ကိလေသာမီးလောင်တာပါဘုရား)။

မေ့လိုက်၊ မေ့လိုက်လို့ ကိလေသာက လောင်လိုက်၊ လောင်ပြီးသကာလ၊ တစ်ခါ သတိရတဲ့စိတ်ကလေးပေါ်လာလိုက်၊ သတိရပြန်၊ အတွင်းကျပြန်လို့ရှိရင် မေ့လိုက်ဆိုတော့ ထဲဝင်ပြင်ထွက် ကိုမောင်နိုင်အားသေးရဲ့လား. . . (မအားပါဘုရား)။

ဒါ ဘာဖြစ်ကြတာတုံးမေးရင်. . . (ကိလေသာမီးလောင်တာပါဘုရား)။

## အမြဲအလောင်ခံနေရတဲ့ခန္ဓာကြီး

ဒါဖြင့် သန္တာပဒ္ဓောကိလေသာမီး၊ ဒုက္ခမီးတို့ဖြင့် ငြီးငြီးတောက်ပြောင် အမြဲအလောင်ခံနေရတဲ့ ခန္ဓာကြီးပါလား. . . (မှန်ပါ)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒီခန္ဓာကြီးဟာ ဒကာ ဒကာမတို့ သေသေချာချာ စဉ်းစား ကြည့်တဲ့အခါကျတော့မှ အမြဲအလောင်ခံနေရတာ. . . (မှန်ပါ)၊ ပေါ်ပလား. . . (ပေါ်ပါပြီ)။

ဟာ-ဒုက္ခမီးကလည်း ဟိုနေရာက လောင်ပြီးသကာလ ကျန်တဲ့နာမ်တွေ ရုပ်တွေမလောင်ဘူးလား. . . (လောင်ပါတယ် ဘုရား)။

## သုခမီးကအေးအေးနဲ့လောင်တယ်

သုခမီးကလည်း ဒကာ ဒကာမတွေ ဝမ်းသာသလိုလိုနဲ့ သောမနဿကလေးပေါ်တာ၊ သူဝမ်းသာသလိုလိုနဲ့ သူတော် ကောင်းစိတ်တွေများ ပျောက်သွားလိုက်တာ. . . (မှန်ပါ)၊ အင်း . . . သုခမီး မလောင်ဘူးလား. . . (လောင်ပါတယ်ဘုရား)။

သုခမီးက အေးအေးနဲ့လောင်တယ်. . . (မှန်ပါ)၊ ဒုက္ခမီး က ပူပူနဲ့လောင်တယ်. . . (မှန်ပါ)၊ မောဟမီးက အလုံးစုံ သတိမရအောင် လောင်ပစ်တယ်. . . (မှန်ပါ)။

ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ မီးဆယ့်တစ်မီးရှိတယ် ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

ဒါဖြင့် ခန္ဓာကိုယ်ကြီးဟာ ကိုဝရေ. . . မီးလောင်ခြင်းကိစ္စ ရှိ-မရှိ. . . (ရှိပါတယ်ဘုရား)။

ဒါဖြင့် မီးလောင်ခြင်းကိစ္စရှိသောကြောင့် ဤခန္ဓာကြီးကို ဘာသစ္စာဖွဲ့ကြမယ်. . . (ဒုက္ခသစ္စာပါဘုရား)။

## ခန္ဓာရှိရင် မီးဆယ့်တစ်မီးလောင်မှာပဲ

ကိုင်း. . . ဒကာ ဒကာမတို့ ခန္ဓာရှိရင်ဖြင့် မီးဆယ့်တစ်မီးလောင်မှာပဲ. . . (မှန်ပါ)၊ သဘောပါပလား. . . (ပါပါပြီ)။

ဆယ့်တစ်မီးလောင်ခံနေရတဲ့ဥစ္စာဟာ အချိန်ဘယ်အချိန်တုံးမေးလို့ရှိရင်ဖြင့်တဲ့၊ အချိန်တိုင်းပါပဲ. . . (မှန်ပါ)။

မောင်နိုင် ဘယ့်နှယ်ဆိုပါ့မယ်. . . (အချိန်တိုင်းပါပဲဘုရား)၊ အချိန်တိုင်း လောင်နေတယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ကိလေသာမီးကများ လောင်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဟိုပြေးရတော့မလို ဒီသွားရတော့မလို၊ ဟိုလည်းစိတ်မချ၊ ဒီလည်းစိတ်မချနဲ့ အင်း. . . လောကထဲမှာ ချော်ကျ၊ လမ်းမှာ ခလုပ်ကြီးတွေမမြင်၊ ဟတ်ထိုးလဲ၊ ဟာ. . . ဘာဖြစ်တာတုံးလို့ ကိုပေါ်မေးရင် ဘယ့်နှယ်ဖြေပါ့မယ်. . . (ကိလေသာမီးလောင်တာပါဘုရား)။

ကိလေသာမီးလောင်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် တစ်ခါတည်း အိပ်လို့ကော ပျော်သေးရဲ့လား. . . (မပျော်ပါ)၊ လမ်းသွားလို့ကော၊ လမ်းက အတိုကလေးတောင်မှ အမောများ ဆိုက်နေလိုက်သေးတယ်. . . (မှန်ပါ)၊ ဘာဖြစ်ကြတာတုံးမေးရင် ဘယ့်နှယ်ဖြေပါ့မလဲ. . . (ကိလေသာမီးလောင်တာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်မှာ အလောင်ခံခြင်းကိစ္စရှိတယ် . . . (မှန်ပါ)။

## အလောင်ခံခြင်းကိစ္စရှိတယ်

ခန္ဓာကိုယ်ကြီးဟာ. . . (အလောင်ခံခြင်းကိစ္စရှိပါတယ် ဘုရား)၊ အလောင်ခံခြင်းကိစ္စရှိတယ်ဆိုတာ ဝိပဿနာရှုလိုက်တဲ့ အခါကျတော့ စိတ်ကလေးတစ်ခု ပျောက်သွားရင် ဩော်. . . လောင်လို့ ပျောက်သွားတယ်. . . (မှန်ပါ)၊ ရုပ်ကလေးတစ်ခု ပျောက်သွားရင်ကော. . . (လောင်လို့ပျောက်သွားတာပါ ဘုရား)။

လောင်လို့ပျောက်သွားတာပဲဆိုတာ မောင်နိုင်ကျေနပ်ပြီ လား. . . (ကျေနပ်ပါပြီဘုရား)။

အဲ. . . ပျောက်တိုင်း ပျောက်တိုင်း ဩော်. . . လောင်ခြင်း ကိစ္စကြောင့် လောင်သွားပြီ လောင်သွားပြီ၊ သန္တာပဋ္ဌောဆိုတဲ့ တိလေသာမီး ဒုက္ခမီးတို့ဖြင့်၊ ငြီးငြီးတောက်ပြောင် အမြဲအလောင် ခံနေရတဲ့သဘောဟာ ဒီခန္ဓာပဲ. . . (မှန်ပါဘုရား)။

ဒီလိုရှုရမယ်နော် ဒကာ ဒကာမတွေ. . . (မှန်လှပါဘုရား)၊ ဒါရှုဖို့ ဟောနေတယ်ဆိုတာ ကျေနပ်ကြပြီလား. . . (ကျေနပ်ပါ ပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒီခန္ဓာကြီးထဲမှာ ရုပ်ကိုလောင်နေတာ လည်းရှိတာပဲ၊ နာမ်လောင်နေတာကော. . . (ရှိပါတယ်ဘုရား)၊ ရှိနေတော့ မောင်နိုင်၊ ခန္ဓာကိုယ် နဂိုရှိတာကမှ ရုပ်နာမ်ရှိတယ်၊ ရုပ်ကိုလည်း ရုပ်မီးကလောင်လျက်ပဲ. . . (မှန်ပါဘုရား)၊ နာမ် တွေကော. . . (နာမ်မီးကလောင်လျက်ပါဘုရား)။

## မီးလောင်ခံရပါလို၏

ဒါဖြင့် ခင်ဗျားတို့ကျုပ်တို့ ခန္ဓာဆုတောင်းတဲ့ပုဂ္ဂိုလ်ဖြင့် ကိုဝ အလွဲနှင့်အချော်ချည့်ပဲ. . . (မှန်လှပါဘုရား)၊ မီးလောင်ခံရပါလို၏. . . (မှန်ပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

မီးလောင်ခံရပါလို၏ဆိုတာနဲ့ ဘာထူးသေးသတုံး. . . (မထူးပါဘူးဘုရား)၊ တောင်းကောင်းတဲ့ဆုလား၊ မတောင်းကောင်းတဲ့ဆုလား. . . (မတောင်းကောင်းတဲ့ဆုပါဘုရား)။

အဲ့ဒါကြောင့် ဘယ်နှယ့်ကြောင့် တောင်းကြပါလိမ့်မတုံးဆိုတော့၊ ခုနက သန္တာပဋ္ဌကိစ္စ အမြဲအလောင်ခံနေရတဲ့ကိစ္စကို အဝိဇ္ဇာက မမြင်အောင်ဖုံးထားလိုက်တယ်. ... (မှန်ပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

အဝိဇ္ဇာက မမြင်အောင် ဖုံးထားလိုက်တဲ့အတွက်တဲ့၊ ကျုပ်တို့သည် မီးပုံထဲပဲ ဆင်းကြတာပဲ. . . (မှန်လှပါဘုရား)၊ မီးအလောင်ခံတဲ့ဆီပဲ ကျုပ်တို့သွားဖြစ်အောင် သွားကြတာပဲ. . . (မှန်ပါဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## သန္တာပဋ္ဌကိစ္စ

ဒါဖြင့် လူပြည် နတ်ပြည် ဆင်းကြတဲ့ပုဂ္ဂိုလ်များသည်၊ ခုနကလို ခုန်ချတဲ့ ပုဂ္ဂိုလ်များသည် ဒကာ ဒကာမတို့၊ သန္တာပဋ္ဌကိစ္စဆိုတဲ့ ကိစ္စညက်ရပြီလား၊ မရဘူးလား. . . (မရပါဘူးဘုရား)။

ဒါဖြင့် ကိစ္စဉာဏ်မရသရွေ့ ကာလပတ်လုံး သံသရာ လည်လေဦးတော့ ဆိုထိုက် မဆိုထိုက်. . . (ဆိုထိုက်ပါတယ် ဘုရား)၊ ဒါကြောင့် ဒကာ ဒကာမတို့ သန္တာပဌကိစ္စကို ယနေ့ အကြီးအကျယ်ပြောပါတယ်. . . (မှန်လှပါဘုရား)။

## အဇာတသတ်

ဒီသန္တာပဌကိစ္စဟာ သူတော်ကောင်းစိတ်ကလေးတွေ ပေါ်လာတဲ့အခါလည်း၊ ဦးဘရှင်း လောင်ပြန်တာပဲ. . . (မှန်ပါ ဘုရား)၊ နောက်ဘဝတွေက ပါရမီတွေ စုထားတာတွေကော . . . (လောင်ပါတယ်ဘုရား)၊ ဩော်. . . ခက်လိုက်တဲ့ ဖြစ်ခြင်း ဒကာ ဒကာမတို့ ဘုန်းကြီး ဥပမာထုတ်ပြပ့ါမယ် မီးလောင်ပစ်တဲ့ ဥစ္စာဟာ ဘယ်လောက်ထိအောင် ဆိုးဝါးတယ်ဆိုတာ၊ အဇာတသတ်ဟာ ကိုဝ မှတ်လိုက်စမ်း၊ သာမည ဖလသုတ်ကို ဘုရားဟောတဲ့အခါ သူ့ ရဟန္တာဖြစ်ရမယ်. . . (မှန်ပါဘုရား)။

## ပါရမီပြည့်ပြီးသား

ပါရမီပြည့်ပြီးသားနော်. . . (မှန်ပါဘုရား)၊ ပါရမီဘယ်နှယ့် နေကြသတုံး. . . (ပြည့်ပြီးသားပါဘုရား)၊ အဲ့ဒါ ထီးနန်းအာရုံ ကာမဂုဏ်ကို ငယ်ငယ်ကခံစားချင်တော့ တစ်ခါတည်း၊ အဖ သတ်မှသာလျှင် ငါငယ်ငယ်က ခံစားရမှာပဲဆိုတဲ့ ဒေါသမီး

ထီးနန်းအာရုံလိုချင်တဲ့ လောဘမီး၊ အဲ့ဒီလောဘမီးနှစ်ခုက လောင်ပစ်လိုက်တာနဲ့ အဖသတ်ဖြစ်သွားတယ်. . . (မှန်လှပါဘုရား)။

အဖသတ်ဖြစ်သွားတော့ကို ဒကာ ဒကာမတို့ ရှိပြီးသားပါရမီတွေကို၊ လောဘနှင့် ဒေါသက ရှို့ပစ်လိုက်တာနဲ့ ကိုဝ ရဟန္တာဖြစ်သေးရဲ့လား. . . (မဖြစ်ပါဘူးဘုရား)။

ကဲ. . . သန္တာပဋ္ဌ ဘယ်လောက်ပြင်းထန်သလဲဆိုတာ ဒကာ ဒကာမတို့ ပေါ်ကြပြီလား. . . (ပေါ်ပါပြီဘုရား)၊ သန္တာပဋ္ဌဆိုတဲ့ ကိလေသာမီး၊ ဒုက္ခမီးဟာ ပါရမီမျိုးစေ့တွေကိုလည်း ဘာလုပ်ပစ်လိုက်တုံး. . . (လောင်ပစ်ပါတယ်ဘုရား)။

## သောတာပန်မြန်မြန်တည်အောင်လုပ်

ဒါဖြင့် ခင်ဗျားတို့ဟာ မြန်မြန်သာသောတာပန်တည်အောင် လုပ်ကြပါတော့၊ နို့မဟုတ်ရင် ဒီဘဝက ဘုန်းကြီးပေးထားတဲ့ မျိုးစေ့လေးတွေ တည်အောင်မလုပ်ဘူးဆိုရင်ဖြင့်၊ နောက်ဘဝ သန္တာပဋ္ဌမီး လောဘ၊ ဒေါသနှင့် ရောက်ရာပျော်တဲ့လောဘ ရောက်ရာမှာ မတည့်တဲ့ဒေါသတွေဟာ လောင်ပစ်လိုက်လို့ရှိရင် ပါရမီဟာ ကုန်သွားတယ်. . . (မှန်ပါဘုရား)။

## ဘဝကူးရင်လောင်လိမ့်မယ်

ဒကာကြီးလိုင် မကုန်ပေဘူးလား. . . (ကုန်ပါတယ်ဘုရား)၊ အဲ့ဒါကြောင့် ခင်ဗျားတို့ အရင်းအခြာတွေဖြစ်နေတော့ကိုင်း. . . ခင်ဗျားတို့ ဘဝမကူးနဲ့နော်၊ ဘဝကူးရင် လောင်လိမ့်မယ်. . . (မှန်ပါဘုရား)။

ယခုပေးထားတဲ့ ဉစ္စာလေးဟာ ယခုပဲ အညွန့်အညှောက်ပေါက်အောင် လုပ်ကြပါဆိုတာ တိုက်တွန်းတယ်. . . (မှန်ပါဘုရား)၊ ဟိုဘဝ ကူးသွားရင် ဘာဖြစ်ဖယ်ထင်သတုံး. . . (လောင်မှာပါဘုရား)၊ လောင်မှာပဲဆိုတာက အမိဝမ်းခေါင်းထဲ လူဖြစ်လို့ရှိရင် ကိုးလခွဲ၊ ဆယ်လနေရမယ်. . . (မှန်ပါဘုရား)။

## ကိလေသာအဝိဇ္ဇာနဲ့နေရမယ်

အဲ့ဒါ ဘာမှမသိတဲ့ ကိလေသာ အဝိဇ္ဇာနဲ့ နေရမယ်. . . (မှန်ပါဘုရား)၊ နောက်ကျတော့ ဒီအဝိဇ္ဇာနဲ့ နေတဲ့အပြင် အမေက အချဉ်စားလိုက်၊ အချိုစားလိုက်၊ ရေနွေးသောက်လိုက် ဆိုလို့ရှိရင် ကလေးမှာ ဒေါသမီးနဲ့လည်း မနေရပေဘူးလား . . . (နေရပါတယ်ဘုရား)။

သူ့ရောက်ရာပျော်နေတဲ့ လောဘမီးနဲ့ကော. . . (နေရပါတယ်ဘုရား)၊ အဲဒီ . . . လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေဟာ ဒီကလေးမှာ အမြဲရှိပြီးသကာလနေတော့ ^. . ဘဝ

အဆက်ဆက်ကပါခဲ့တဲ့ ပါရမီတွေ အဲဒီဝမ်းထဲတွင် ပြောင်တယ်. . . (မှန်လှပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဝမ်းထဲတွင် ဘယ်နှယ့် နေသတုံး . . . (ပြောင်ပါတယ်ဘုရား) ဘာမီးလောင်လိုက်တာပါလိမ့်မတုံး . . . (ကိလေသာမီးလောင်လိုက်တာပါဘုရား)။

အေး . . . ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးတသန္တာပဌော. . . ကိလေသာမီး၊ ဒုက္ခမီးတို့ဖြင့် ငြီးငြီးတောက်ပြောင် အမြဲအလောင်ခံနေရတဲ့ ကိစ္စရှိသကွတဲ့၊ ရိပ်မိကြပြီလား . . . (ရိပ်မိပါပြီဘုရား)။

## ပျောက်အောင်လောင်ခြင်းကိစ္စရှိတယ်

ဒါဖြင့် ခန္ဓာကိုယ်ကြီးရတဲ့ပုဂ္ဂိုလ်များ ဘယ်ကိစ္စရှိပါလိမ့်မတုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့်၊ ပျောက်အောင်လောင်ခြင်းကိစ္စရှိတယ် . . . (မှန်ပါဘုရား)။

ဒါကြောင့် . . ခင်ဗျားတို့ ဝေဒနာရှုရှု၊ စိတ်ရှုရှု၊ ပျောက်ပျောက်သွားတာ၊ ဩော် . . . မီးလောင်လို့ ပျောက်သွားတာ . . . (မှန်ပါဘုရား)၊ မီးလောင်ခြင်းကိစ္စကြောင့် . . . (ပျောက်ပျောက်သွားပါတယ်ဘုရား)။

ရုပ်ကလေးမှာကော ဇာတိ ဇရာ မရဏာမီးက မလောင်ဘူးလား . . . (လောင်ပါတယ်ဘုရား)။ နာမ်ကလေးမှာကော လောဘ၊ ဒေါသ၊ မီးတွေက . . . (လောင်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ရှုတိုင်းရှုတိုင်း ပျောက်သွားတဲ့ ကိစ္စကလေးတွေ ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား)။ ဘယ်နှယ့်ပေါ်ပါလိမ့်၊ ကိလေသာမီးလောင်လို့ ပျောက်သွားတယ်ဆိုတော့ ဒုက္ခသစ္စာမှ ဟုတ်ရဲ့လား . . . (ဟုတ်ပါတယ်ဘုရား)။

## ဒုက္ခအစစ်ဆိုတာ ရေမရောပါဘူး

အဲ့ဒီလို ဒကာ ဒကာမတွေ ဝိပဿနာရှုတော့ အင်း . . . ရှုလိုက်၊ ပျောက်သွားလိုက်၊ အင်း . . . အခုပေါ်လာတဲ့ တရားလေးတွေပျောက်သွားလိုက်၊ အင်း . . . ကိလေသာမီး၊ ဒုက္ခမီးလောင်ခြင်းကိစ္စကြောင့် သူပျောက်သွားတာကိုး၊ ဒါကြောင့်ပဲ ဒုက္ခအစစ်ဆိုတာ ရေမရောပါဘူး၊ ဒီလိုပိုင်ပိုင်နိုင်နိုင် သိရမယ် . . . (မှန်ပါဘုရား)။ ကိစ္စဉာဏ်နဲ့။

ဒါဖြင့် ဒကာ ဒကာမတွေ ခန္ဓာကိုယ်မှာ မပျောက်တဲ့ တရားရှိရဲ့လား . . . (မရှိပါဘူးဘုရား)။ ပျောက်တိုင်း ပျောက်တိုင်း မီးလောင်လို့ ပျောက်တယ်လို့ ဉာဏ်ကလေးနဲ့ ရှုပေးစမ်း . . . (မှန်လှပါဘုရား)။ ပျောက်တိုင်း ပျောက်တိုင်း. . . (ဉာဏ်ကလေးနဲ့ရှုပေးရမှာပါဘုရား)။

## မီးလောင်လို့ပျောက်တယ်လို့ရှုပေး

မီးလောင်လို့ပျောက်တယ်လို့၊ ကိုပေါ်၊ ကိုဝတို့က ရှုပေးလိုက်လို့ရှိရင်ဖြင့် ဒါကိစ္စညက် ရပါတယ်. . . (မှန်ပါဘုရား)၊ သန္တာပဋ္ဌ ကိစ္စညက်ရပါတယ် . . . (မှန်ပါဘုရား)၊ သဘောကျပြီ လား . . . (ကျပါပြီဘုရား)။

ဘယ်ညက်ရပါလိမ့်. . . (သန္တာပဋ္ဌကိစ္စညက်ရပါ တယ်ဘုရား)၊ အင်း. . . မီးလောင်လို့ ပျောက်သွားပြီ၊ နာမ်က လေး ပေါ်လာတာလည်း မီးလောင်လို့ပျောက်သွားတာပဲ၊ ရုပ်ကလေးပေါ်လာရင်ကော. . . (မီးလောင်လို့ ပျောက်သွားတာ ပါဘုရား)၊ မီးလောင်လို့ပျောက်သွားတာပဲ။

အဲ့ဒီပျောက်တာလေးတွေဟာ အလိုလိုပျောက်တာ လား ဒကာ ဒကာမတို့၊ သန္တာပဋ္ဌဆိုတဲ့ ကိလေသာမီး၊ ဒုက္ခမီးလောင်လိုက်တာလား. . . (ကိလေသာမီး၊ ဒုက္ခမီး လောင်လိုက်တာပါဘုရား)၊ ကိလေသာမီး၊ ဒုက္ခမီးလောင်လိုက် တာဆိုတာ ရှင်းပြီလား. . . (ရှင်းပါပြီဘုရာ)။

အဲ့ဒီတော့ ခန္ဓာကြီးလဲလောင်၊ ခန္ဓာထဲမှာရှိတဲ့ အတွင်းသား အပြင်သားဆိုတာ၊ မောင်နိုင် အကုန်လောင်တာ . . . (မှန်ပါအုံရား)။

ဒါဖြင့် သူသည် အလောင်ခံခြင်းကိစ္စရှိတယ်. . . (မှန်ပါ ဘုရား)၊ ခန္ဓာကြီးသည်. . . (အလောင်ခံခြင်းကိစ္စရှိပါတယ်

ဘုရား)၊ ဒါ ကိစ္စဉာဏ်ကိုပြောနေပါတယ်၊ အလောင်ခံခြင်း ကိစ္စရှိတယ်ဆိုတာ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ဉာဏ်ကလေးနဲ့စိုက်လိုက်စမ်းပါ

အဲဒီတော့ ဘုန်းကြီးက အရိယာမျက်လုံးတပ်ပေးလိုက်တယ်၊ ဒကာ ဒကာမတို့ သမာဓိကောင်းကောင်းနဲ့ ကိုယ့်ခန္ဓာကိုယ် စိုက်လိုက်စမ်းပါ၊ ဉာဏ်ကလေးနဲ့ စိုက်လိုက်စမ်းပါ၊ ဘုန်းကြီးက သင်ပေးတယ်. . . (မှန်ပါဘုရား)။

သင်ပေးလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် အို. . . ဒီခန္ဓာကြီးလည်း လောင်လို့ ပျောက်ပျောက်၊ ပျောက်ပျောက်သွားတာတွေ ရုပ်ဘက်ကလည်း နည်းပဲ့မလား. . . (မနည်းပါဘူးဘုရား)၊ နာမ်ဘက်ကကော. . . (မနည်းပါဘူးဘုရား)။

ဟာ. . .ဒါဖြင့် အကောင်းကို မပါပါလား. . . (မပါပါဘုရား)၊ မီးလောင်စာဖြစ်နေတာကြီးမှတစ်ပါး ဘာရှိသေးသလဲ . . . (မရှိပါဘူးဘုရား)၊ ဒါ သန္တာပဋ္ဌကိစ္စဆိုတာ ပေါ်ပြီလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် မီးလောင်ခံခြင်း ကိစ္စထက် ကြီးကျယ်တဲ့ကိစ္စကော ကိုပေါ်၊ ကိုဝရှိ သေးရဲ့လား . . . (မရှိပါဘူးဘုရား)။ သဘောပါပြီလား. . . (ပါပါပြီ ဘုရား)။

ဒါဖြင့် ဒီကိစ္စ၊ သူ့မှာမီးလောင်ခံခြင်းကိစ္စရှိတယ်။ ရုပ်ရှုတဲ့

ပုဂ္ဂိုလ်ကလည်း ရုပ်မှာ မီးလောင်ခံခြင်းကိစ္စရှိတယ်၊ စိတ်ရှုတဲ့ ပုဂ္ဂိုလ်ကော. . . (စိတ်မှာမီးလောင်ခံခြင်းကိစ္စရှိပါတယ်ဘုရား)။

## မီးလောင်လို့ပျောက်သွားသည်

မီးလောင်ခံခြင်းကိစ္စရှိတယ်၊ ပျောက်ပျောက်သွားတာ ဟာ ဘယ်နှယ့်ကြောင့်ပါလိမ့်မတုံးလို့၊ ယနေ့ကစပြီး သံသယ မရှိပါနဲ့ . . . (မှန်ပါဘုရား)၊ မီးလောင်လို့ပျောက်သွားသည် . . . (မှန်ပါဘုရား)၊ ဒကာ ဒကာမတွေ ဘယ်လိုရှုကြမတုံး. . . (မီးလောင်လို့ ပျောက်သွားတာပါဘုရား)။

မီးလောင်လို့ ပျောက်သွားသည်။ ရုပ်မှာလည်း ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ နာမ်မှာ ကိလေသာမီး၊ သဘောကျကြပြီလား . . . (ကျပါပြီဘုရား)။

အဲ့ဒါတွေအကုန်လောင်လို့ ပျောက်ပျောက်၊ ပျောက် ပျောက်သွားတာ၊ ဩော် . . . ဒါပျောက်တတ်တဲ့အမျိုး၊ အနိစ္စမို့ ပျောက်တယ်လို့ ဒီလိုမယူဘဲနဲ့ ကိစ္စဉာဏ်နဲ့ ရှုလိုက်စမ်းပါ. . . (မှန်ပါဘုရား)၊ ဘာဉာဏ်နဲ့ ရှုကြမတုံး. . . (ကိစ္စဉာဏ်နဲ့ရှုရ မှာပါဘုရား)။

ဒါ ဝိပဿနာရှုနည်းကိုဖြင့် သစ္စာရှုနည်းကို ကိုပေါ်၊ ကိုဝ အကြီးအကျယ် သင်နေတာပဲ. . . (မှန်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန် ပျောက်ပျောက်သွားတာလည်း ကောန်ပဲ မဟုတ်လား . . . (မှန်ပါဘုရား)၊ ဘယ်နှယ့်ကြောင့် ပျောက်သွားပါလိမ့် . . . (မီးလောင်လို့ပျောက်တာပါဘုရား)။

## ဘာကိစ္စရှိသတုံး

ဒါဖြင့် အဲ့ဒီရုပ်ကလေး၊ ရုပ်ရှုတဲ့ပုဂ္ဂိုလ်၊ အဲ့ဒီရုပ်ကလေး၊ နာမ်ရှုတဲ့ပုဂ္ဂိုလ် အဲ့ဒီနာမ်ကလေးမှာ ဘာကိစ္စရှိသတုံး. . . (မီးလောင်ခြင်းကိစ္စရှိပါတယ်ဘုရား)။ မီးလောင်ခံခြင်းကိစ္စ ရှိတယ်ဆိုတာ ဒကာ ဒကာမတွေက ဉာဏ်နဲ့ ကြည့်လိုက်တော့ မမြင်ဘူးလား . . . (မြင်ပါတယ်ဘုရား)။

ဒါဖြင့် မီးလောင်ခံခြင်းကိစ္စနဲ့ ဉာဏ်နဲ့တွဲလိုက်တဲ့အခါ ကျတော့ကို ကိစ္စဉာဏ် . . . (မှန်ပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

မီးလောင်ခံခြင်းကိစ္စကို ဉာဏ်က မမြင်ဘူးလား . . . (မြင်ပါတယ်ဘုရား)၊ မြင်တဲ့အခါကျတော့ကို ဟိုကိစ္စကို သွားမြင် တဲ့အတွက် ကိုဝ ဘယ့်နှယ်ဆိုမယ် . . . (ကိစ္စဉာဏ်)။ အဲ့ဒီ ဉာဏ်ရလို့ရှိရင်ဖြင့်တဲ့၊ ဒကာ ဒကာမတို့ သောတာပန်တည်ဖို့ ကပ်နေပြီ . . . (မှန်ပါဘုရား)။ သောတာပန်တည်ဖို့ . . . (ကပ်နေပါပြီဘုရား)။

## ရှုလိုက်တဲ့အခါပျောက်ပျောက်သွားတယ်

ဒါဖြင့် ရှုလိုက်တဲ့အခါ ပျောက်ပျောက်သွားတယ်ဘုရား၊ ရုပ်ကလေးတွေကလည်း ရုပ်လှည့်ရှုလိုက် ရုပ်ပျောက်သွားတယ်၊ နာမ်လှည့်ရှုလိုက်တဲ့အခါ နာမ်ပျောက်သွားတယ်၊ ပျောက်ချင်လို့ ပျောက်တာလား၊ အယောင်ခံရလို့ ပျောက်တာလား . . . (အလောင်ခံရလို့ ပျောက်တာပါဘုရား)။

ဒါဖြင့် အဲ့ဒီ ရုပ်မှာ ဘာကိစ္စရှိသတုံး . . . (အလောင်ခံခြင်းကိစ္စရှိပါတယ်ဘုရား)။ နာမ်မှာ ဘာကိစ္စရှိသတုံး. . . (အလောင်ခံခြင်းကိစ္စရှိပါတယ်ဘုရား)။

## ဉာဏ်ကသိပေးရမယ်

အဲ့ဒါလေးတွေ ခင်ဗျားတို့ ဉာဏ်ကသိပေးရမယ်. . . (မှန်ပါဘုရား)။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဉာဏ်က သိပေးလိုက်တော့ ကိစ္စနဲ့ ဉာဏ်နဲ့ ဒကာဒကာမတွေ ပေါင်းလိုက်. . . (ကိစ္စဉာဏ်ပါဘုရား)။ ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား)။ ဩော် . . . ဒီလိုရှုရမှာပါလား ကိုပေါ်၊ ကိုဝ အလွယ်ဆုံးနည်း၊ အလွန်နီးတဲ့တရားလို့ ဆုံးဖြတ်ချက် ချလိုက်စမ်းပါ . . . (မှန်ပါဘုရား)။ ဒကာကြီးလှိုင် ရိပ်မိပြီ . . . (ရိပ်မိပါပြီဘုရား)။

## သောတာပန်ဖြစ်ဖို့အနီးဆုံးရှုတဲ့နည်း

သောတာပန်ဖြစ်ဖို့ အနီးဆုံးရှုတဲ့နည်းကို ယနေ့ သင်နေပါတယ် . . . (မှန်ပါဘုရား)။ ဘယ်ဉာဏ်နဲ့ ရှုရမယ်. . . (ကိစ္စဉာဏ်နဲ့ရှုရမှာပါဘုရား)။

ဩော် . . . နဂိုတုန်းကတော့၊ မသိခင်တုန်းကတော့ ကိစ္စဉာဏ်ဆိုတဲ့ဉစ္စာ ခဲခဲရင်းရင်းကြီး မှတ်နေတာ၊ ခုတော့ ကိုယ်ရှုတဲ့ ဖြစ်ပျက်ဟာ အလောင်ခံတဲ့ကိစ္စရှိလို့ ပြောင်တာပဲ (မှန်ပါဘုရား)။

ကိုယ်ရှုတဲ့ သဘောလေးဟာ . . . (အလောင်ခံတဲ့ကိစ္စရှိလို့ ပြောင်ပါတယ်ဘုရား)။ သူ့မှာ အလောင်ခံခြင်းကိစ္စမှတစ်ပါး၊ ဘာကိစ္စရှိသေးသတုံး . . . (မရှိပါဘုရား)။ အဲဒီကိစ္စ ပေါ်တိုင်း ပေါ်တိုင်း ကျုပ်တို့က ဉာဏ်ကလေးနဲ့ သိပေးစမ်းပါ။

## အလောင်ခံခြင်းကိစ္စ သိတဲ့ဉာဏ်

ဉာဏ်ကလေးနဲ့ သိပေးလိုက်တဲ့ အခါကျတော့ အလောင်ခံခြင်းကိစ္စသိတဲ့ဉာဏ် . . . (မှန်ပါဘုရား)။ ဒကာကြီးလို့င် ပေါ်ပြီလား . . . (ပေါ်ပါပြီဘုရား)။ အလောင်ခံခြင်းကိစ္စသိကဲ့ . . . (ဉာဏ်ပါဘုရား)။

ဒါ တိုတိုခေါ်တော့ ကိစ္စဉာဏ်၊ ရှည်ရှည်ပြောတော့ အလောင်ခံခြင်းကိစ္စသိတဲ့ဉာဏ်။ ဒါဖြင့် ဒကာ ဒကာမတွေ ရုပ်ကလေးတွေလည်း အလောင်ခံရတာပဲ၊ နာမ်ကလေးတွေကော . . . (အလောင်ခံရပါတယ်ဘုရား)။

အဲ့ဒီတော့ ရုပ်ပျက်တာကို ကြည့်ကြည့်၊ ရုပ်ပျောက်တာကို ကြည့်ကြည့်၊ နာမ်ပျောက်တာကို ကြည့်ကြည့် အလိုလိုတော့၊ ပျောက်တာပဲ . . . (မှန်ပါဘုရား)။ အလိုလိုပျောက်တယ်ဆိုရင် ကိစ္စဉာဏ်မပါဘူး . . . (မှန်ပါဘုရား)။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒီလို သိပြီးသကာလနေတဲ့ ဒကာ ဒကာမတွေကျတော့ ရှေ့ကဒုက္ခသစ္စာက ဒုက္ခကိစ္စပေါ့ဗျာ၊ ဒုက္ခရောက်တဲ့ကိစ္စ မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။ မီးလောင်ခံရတဲ့ကိစ္စထက်ကြီးတာ ကိုဝ ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

## ကိုယ့်ကိစ္စ ကိုယ်သိပြီ

ဒါဖြင့် အဲ့ဒီ မီးလောင်ခံရတဲ့ကိစ္စကို ကိုယ်ကဉာဏ်ကလေးနဲ့ ကြည့်ပြီးသကာလနေတော့၊ ဩော် . . . ကိုယ့်ကိ ကိုယ်သိပြီ၊ ကိုယ့်ကိစ္စက ဘာပါလိမ့်ဗျာ . . . (မီးလောင်ခံ ဲ့ ကိစ္စ ါဘုရား)။ ကိုယ်သိပြီ၊ သူ့ကိစ္စက ဘယ်လိုများဖြစ်နေပါလဲမှ အလောင်ခံရတဲ့ကိစ္စ။

အဲ့ဒီကိစ္စကို ဒကာ ဒကာမတွေ ဩော် . . . ခန္ဓာရတဲ့ ကိစ္စဟာ အလောင်ခံရတဲ့ကိစ္စပါလားလို့ မသိဘူးလား. . . (သိပါတယ်ဘုရား)။ ခန္ဓာရတဲ့ကိစ္စဟာ . . . (အလောင်ခံရတဲ့ ကိစ္စပါဘုရား)။

အလောင်ခံရတဲ့ကိစ္စလို့ ဒကာ၊ ဒကာမတွေက သိသွားတော့ ဩော်. . . ဒီထက်ကြီးတဲ့ဒုက္ခကော ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)၊ သုခများပါသေးရဲ့လား. . . (မပါပါဘူး ဘုရား)။

## ဉာဏ်ချည့်ကျန်နေရစ်တယ်

အဲ့ဒီကဲ့သို့ ကိစ္စဉာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင် သိလိုက်ပြန်လို့ရှိ ရင်လည်းတဲ့၊ ဖျတ်ဆို အလောင်ခံတဲ့ကိစ္စလည်း ရပ်စဲပြီး၊ ဉာဏ်ချည့်ကျန်နေရစ်တယ်. . . (မှန်ပါဘုရား)၊ သဘောကျ ပြီလား. . . (ကျပါပြီဘုရား)၊ အလောင်ခံတဲ့ကိစ္စ . . . (ရပ်စဲပါ တယ်ဘုရား)။ ရပ်စဲပြီး ဉာဏ်ကျန်နေရစ်တယ်။

ဉာဏ်ကျန်နေရစ်တဲ့အခါကျတော့ ဩော်. . . အသေ လွတ်သွားပါပေါ့လား၊ လောင်စာသိမ်းသွားပါပေါ့လား၊ ဒကာ ဒကာမတို့ ဘယ်လိုထင်လာသတုံး. . . (လောင်စာ သိမ်းသွားပါ တယ်ဘုရား)။

## လောင်စာသိမ်း၍ မီးငြိမ်းတာ

အို . . . ရှေ့ပိုင်းမှာ လောင်စာကလည်းမရှိ မီးကကော . . (မရှိပါဘုရား)။ ဩော် . . . လောင်စာသိမ်း၍ မီးငြိမ်းတယ် ဆိုတဲ့ဥစ္စာ နောက်ထပ်မပျောက်ပျက်တာ၊ ပျောက်ပျက်မှု မလာတာကိုဆိုတာပါလား . . . (မှန်လှပါဘုရား)။ သချာ မှတ်ပါ၊ သချာမှတ်ပါ။

## ကိစ္စညဏ်မှ ကတညဏ်သို့ကူးပုံ

ဒကာ ဒကာမတို့ ဒီကိစ္စညဏ်ကနေပြီး သကာလ၊ ကတ ညဏ်နည်းနည်းကူးပုံပြောပြပါ့မယ်၊ ကိုဝ . . . (မှန်ပါဘုရား)။

အလောင်ခံခြင်းကိစ္စတွေမြင်နေတုန်းကတော့ ဘာညဏ် တဲ့ . . . (ကိစ္စညဏ်ပါဘုရား)၊ နောက်ကျလာတော့ အလောင် ခံတဲ့ကိစ္စဒတွေက ရှုလို့ကိုပဲ မမြင်တော့ဘူး၊ ရှုလို့မမြင်တော့ပါဘူး၊ ဒကာ ဒကာမတို့ . . . (မှန်ပါဘုရား)၊ မမြင်တော့ ဩော် . . . မီးလောင်ခံခြင်းကိစ္စတွေသိမ်းပါပေါ့လား၊ မထင် ကြဘူးလား . . . (ထင်ပါတယ်ဘုရား)၊ မီးလောင်ခံခြင်းကိစ္စတွေ . . . (သိမ်းပါတယ်ဘုရား)။

## နိဗ္ဗာန်မြင်တာလို့မှတ်လိုက်စမ်း

ဩော်. . . မီးလောင်ခံခြင်းကိစ္စသိမ်းသွားတဲ့အခါကျ လို့ရှိရင်ဖြင့်တဲ့ ဩော်. . . လောင်စာလည်းမရှိဘူးပေါ့၊ မီးလည်း မရှိဘူးလို့ညဏ်ကမမြင်ဘူးလား. . . (မြင်ပါတယ်ဘုရား)၊ အဲ့ဒါလောင်စာသိမ်း၍ မီးငြိမ်းတဲ့နိဗ္ဗာန်မြင်တာလို့ မှတ်လိုက် စမ်း . . . (မှန်ပါဘုရား)။

## အဲဒီဉာဏ်ကတော့ ကတဉာဏ်

ဘယ်လိုမှတ်ကြမယ် . . . (လောင်စာသိမ်း၍ မီးငြိမ်း တဲ့ နိဗ္ဗာန်မြင်တာပါဘုရား)၊ အဲ့ဒီဉာဏ်ကတော့ ကတဉာဏ်၊ ခုနက ကိစ္စတွေ သိနေတဲ့ဉာဏ်ကတော့ . . . (ကိစ္စဉာဏ်ပါဘုရား)။ မောင်နိုင် ဒါ အသေအချာမှတ်ပါနော်၊ ဒီ နှစ်လုံးနဲ့ အင် ၊တန် အရေးကြီးနေတယ်ဆိုတာ ဒကာ ဒကာမတွေ တစ်ပွဲ ုံးမှတ် စမ်းပါ . . . (မှန်ပါဘုရား)။

ပျောက်ပျောက်၊ ပျောက်ပျောက်သွားတာလေးတွေမြင် နေတဲ့ဉာဏ်က ဘာဉာဏ်တုံး. . . (ကိစ္စဉာဏ်ပါဘုရား)၊ ဩော်. . . သန္တာပဋ္ဌ ကိစ္စသွားမြင်တယ်. . . (မှန်ပါဘုရား)၊ အမြဲအလောင်ခံခြင်းကိစ္စကို သွားမြင်တော့ တကယ့် ဒုက္ခသစ္စာပဲ၊ ကိုယ့်မှာ ရုပ်နာမ်ပဲရှိတယ်၊ ရုပ်မှာလည်း အလောင်ခံပြီး

ပျောက်ရှာတယ်၊ နာမ်လည်း . . . (အလောင်ခံပြီး ပျောက်ပါတယ်ဘုရား)။

အလောင်ခံပြီး ပျောက်သွားတာပဲဆိုတော့ ကိစ္စဉာဏ်က ရင့်ကျက်လာပြီဆိုပါတော့ဗျာ၊ ရင့်ကျက်လာတော့ ခုနက လောင်စာနဲ့မီး ရှေ့ပိုင်းမှာမြင်ရသေးရဲ့လား. . . (မမြင်ရပါဘူးဘုရား)၊ ကိစ္စဉာဏ်က ရင့်ကျက်သွားတဲ့အခါကျတော့ ဒါကြီးကိုဖြင့် ဘယ်နည်းနဲ့မှရချင်စရာမရှိဘူးဆိုတဲ့ ဥစ္စာမလာဘူးလား . . . (လာပါတယ်ဘုရား)။

## ကတဉာဏ်ဆိုတဲ့မဂ်ဉာဏ်ပြောင်းသွားတယ်

အဲ . . . ဘယ်နည်းနဲ့မှ ရချင်စရာမရှိဘူးဆိုတော့ ဖျတ်ဆို ကိစ္စဉာဏ်ကနေပြီးသကာလ၊ ကတဉာဏ်ဆိုတဲ့ မဂ်ဉာဏ်ပြောင်းသွားတယ်. . . (မှန်ပါဘုရား)၊ ပြောင်းသွားတော့ ရှေ့မှာ လောင်စာသိမ်း၍ မီးငြိမ်းရာသွားမြင်တယ်. . . (မှန်ပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဘာသွားမြင်သတုံး . . . (လောင်စာသိမ်း၍ မီးငြိမ်းရာ မြင်ပါတယ်ဘုရား)၊ အဲ့ဒီကျတဲ့အခါကျတော့ ဘယ်လိုဖြစ်တတ်သတုံးလို့မေးတဲ့အခါကျတော့၊ ဒကာ ဒကာမတွေ ဒီအရေးလေးကြီးတယ်နော်။

"ဟဒယ သုသီလျ မဂ္ဂဒသနေန၊ သန္တာပဗ္ဗော"

ဟဒယ သုသီလျ မဂ္ဂဒသနေန - နှလုံး၌ငြိမ်းအေးခြင်း သဘောလေးပေါ်လာသော၊ နှလုံး၌ ငြိမ်းအေးခြင်း၏ အချင်းအရာ၊ နှလုံး၌ ငြိမ်းသောသဘောဆိုတဲ့ မဂ်ကလေးပေါ်လာသောကြောင့်၊ သန္တာပဗ္ဗော - ပူပန်တဲ့ကိစ္စတွေ ငြိမ်းသွားခြင်းသည် ဟောတိ - ဖြစ်၏။

ခုနက - ရှေ့ပိုင်းက လောင်စာသိမ်း၍ မီးငြိမ်းတော့ ဝမ်းထဲမှာ မဂ်ကလေးတင် ကျန်နေတော့ ဩော် . . . ဒီမဂ်မို့လို့ အေးတာပဲ၊ ဒီဖိုလ်မို့ အေးတာပဲလို့ ကိုယ့်ဟာကိုယ် သိလာတယ်၊ (မှန်လှပါဘုရား)၊ သေချာစဉ်းစားပြီးနားထောင်ပါ ဒကာဒကာမတို့ ဒီအရေးဟာ မသေးလို့ပြောနေပါတယ် . . . (မှန်လှပါဘုရား)။

## အထူးအရေးကြီးလို့မှတ်ပါ

အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့် အထူးအရေးကြီးတယ်ဆိုတာ အသေအချာမှတ်ပါ. . . (မှန်ပါဘုရား)။

ကိစ္စဉာဏ်ကနေ ကတဉာဏ် ကူးသွားတဲ့အခါ အေးလာတယ်. . . (မှန်ပါဘုရား)၊ ဘာကြောင့်တုံးဆိုတော့ လောင်စာသိမ်း၍ မီးငြိမ်းတာ မြင်လိုက်ရတာကိုး မောင်နိုင်ရ . . . (မှန်ပါဘုရား)၊ အရင်တုန်းကတော့ လောင်စာနဲ့မီး လောင်နေတာကို မြင်ရတယ်. . . (မှန်ပါဘုရား)။

အဲ့ဒီတော့ အဲ့ဒီတုန်းကတော့ အမြင်ကောင်းရဲ့လား . . (မကောင်းပါဘူးဘုရား)၊ မကောင်းဘူး၊ မကောင်းဘူး၊ မီးလောင်ခံနေရတာကြီး ကြည့်နေရတယ်၊ မီးလောင်လို့ ပျောက်ပျက်သွားတာကြီးပဲ ကြည့်နေရတယ်၊ ဒါ ဦးဘရှင်းက ဘာဉာဏ်ဆိုမယ် . . . (ကိစ္စဉာဏ်ပါဘုရား)။

## ဉာဏ်ထဲမှာအလိုလိုပေါ်ပါလိမ့်မယ်

နောက်ကျလာတဲ့အခါကျတော့ ဪ. . . ဒီဒုက္ခ အကြီးဆုံးပါလား၊ မီးလောင်ခံရတဲ့ကိစ္စ အကြီးဆုံးပါလားဆိုတာ ခင်ဗျားတို့ ဉာဏ်ထဲမှာ အလိုလိုပေါ်ပါလိမ့်မယ်. . . (မှန်ပါဘုရား)၊ ရင့်ကျက်ပြီး မပေါ်လာပေဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတဲ့ အခါကျတော့ ဒီခန္ဓာ၊ ဒီရုပ်၊ ဒီနာမ်ဖြင့် ကိုဝ လိုချင်သေးတဲ့ သဘောလာမလား၊ မလိုချင်တဲ့ သဘော လာမလား. . . (မလိုချင်တဲ့သဘောလာပါတယ်ဘုရား)၊ အဲ့ဒီ မလိုချင်တဲ့ သဘောလာတာဟာ မဂ်လို့မှတ်လိုက်စမ်းပါ. . . (မှန်ပါဘုရား)၊ မလိုချင်တဲ့သဘောလေးလာရင်. . . (မဂ်ပါ ဘုရား)။

အဲ့ဒီ မဂ်လာလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ရှေ့မှာ ဘာတွေတွေ့ရသတုန်းဆိုတော့ လောင်စာလည်းမတွေ့ဘူး၊

မီးလည်းမတွေ့တော့ဘူး၊ သဘောကျပြီလား . . . (ကျပါပြီ ဘုရား)။

## နိဗ္ဗာန်ပဲလို့မှတ်လိုက်စမ်းပါ

ဘာတွေ့သတုံးဆိုတော့ လောင်စာသိမ်း၍ မီးငြိမ်းသွားတာပဲ အခုတွေ့ရပြီဆိုတဲ့ဥစ္စာ၊ အဲ့ဒါ နိဗ္ဗာန်ပဲလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါဘုရား)၊ လောင်စာသိမ်း၍ မီးငြိမ်းသွားတာ. . . (နိဗ္ဗာန်ပါဘုရား)။

ဒကာ ဒကာမတွေ ယနေ့ နာရတဲ့အဓိပ္ပါယ်ဟာ ကိစ္စညဏ်ကနေပြီး ကတညဏ်ကူးပုံကို ပြောပါတယ်. . . (မှန်ပါဘုရား)၊ ဘယ်ညဏ်က ဘယ်ညဏ်ကူးပုံ ပြောတာတုံး. . . (ကိစ္စညဏ်က ကတညဏ် ကူးပုံပြောတာပါဘုရား)။

## ကိစ္စညဏ်ရင့်လာရင် ကတညဏ်

အဲ့ဒါ ခင်ဗျားတို့ ဩော်. . . ဒါဖြင့် ကိစ္စညဏ်ကို မှန်မှန်ရှုနေလို့ ရှိရင်ဖြင့်၊ ကိုပေါ်တို့ ကိုဝတို့က ကတညဏ်ဟာ ရင့်လာရင် ပေါ်တာပဲ . . . (မှန်ပါဘုရား)၊ မရှုဘဲနဲ့တော့ . . . (မပေါ်ပါဘူးဘုရား)။

## မီးငြိမ်းတာမြင်တာ ကတညာဏ်

ကိစ္စညာဏ်မရင့်ဘဲနဲ့ . . . (မပေါ်ပါဘူးဘုရား)၊ ကတညာဏ်မပေါ်ဘူး၊ ကတညာဏ်က သူ့ကြည့်လေ၊ ကတညာဏ်က လောင်စာသိမ်း၍ မီးငြိမ်းတာမြင်တာ ကတညာဏ်၊ လောင်စာနှင့်မီးလောင်နေတာမြင်တာက ကိစ္စညာဏ်. . . (မှန်ပါဘုရား)၊ ထူးခြားပြီလား. . . (ထူးခြားပါပြီဘုရား)၊ သေသေချာချာမှတ်ပါ၊ သေသေချာချာမှတ်ပါ။

ကိစ္စညာဏ်က လောင်စာနှင့်မီးလောင်ပြီးသကာလ ပျောက်ပျောက်သွားတာမြင်တာက. . . (ကိစ္စညာဏ်ပါဘုရား)၊ နောက်ထပ်လောင်စာနှင့်မီး တစ်ခါတည်း တွဲလျက်ကြီးဆိုပြီး လောင်နေတာ မလာတာမြင်တာက. . . (ကတညာဏ်ပါဘုရား)။

## ကိစ္စညာဏ်နဲ့ကတညာဏ်တခြားစီ

ဩော်. . . ကိစ္စညာဏ်နဲ့ ကတညာဏ်နဲ့ တခြားစီပါလား (မှန်ပါဘုရား)၊ ဒကာ ဒကာမတွေ ဘာတုံး. . . (ကိစ္စညာဏ်နဲ့ ကတညာဏ်ဟာ တခြားစီပါဘုရား)၊ ကိစ္စညာဏ်နဲ့ ကတညာဏ် တခြားစီနော်. . . (မှန်ပါဘုရား)။

## ကတညာဏ်ဆိုတာ ကိစ္စပြီးတဲ့ညာဏ်

လောင်နေတာမြင်တာက . . . (ကိစ္စညာဏ်ပါဘုရား)၊ လောင်တာမရှိတာကို မြင်တာက . . . (ကတညာဏ်ပါဘုရား)၊ ဩော်. . . ဒါဖြင့် ကတညာဏ်ဆိုတာက ကိစ္စပြီးတဲ့ညာဏ်. . (မှန်ပါဘုရား)၊ အလုပ်လုပ်နေတဲ့ညာဏ်က ကိစ္စညာဏ် . . . (မှန်ပါဘုရား)၊ ကိုဝ ဘာတဲ့တုံး၊ အလုပ်ပြီးသွားတာကို မြင်တဲ့ညာဏ်က. . . (ကတညာဏ်ပါဘုရား)။

ဩော်. . . ဒါဖြင့် လောင်စာနှင့်မီးလောင်နေတာမြင်တဲ့ညာဏ်က ဝမ်းထဲမှာမြင်တဲ့ညာဏ်က၊ ဘာညာဏ်တဲ့. . . (ကိစ္စညာဏ်ပါဘုရား)၊ နောက်ကျတော့ မလိုချင်တဲ့အခါကျတော့ လောင်စာနှင့်မီးဟာရှိသေးသလား. . . (မရှိပါဘူးဘုရား)၊ မရှိတာကိုမြင်တဲ့ ညာဏ်ကတော့ ဘာညာဏ်ဆိုကြမတုံး. . . (ကတညာဏ်ပါဘုရား)။

အဲ့ဒီတော့ကိုတဲ့ ဥပမာပြမယ် ဘုန်းကြီးတို့ကနော် ဥပမာပြပါ့မယ် ဒကာ ဒကာမတို့၊ ဒကာကြီးလို့ပင် အသေအချာမှတ်စမ်းပါ . . . (မှန်ပါဘုရား)၊ ဥပမာပြပါ့မယ်တဲ့။

## ဒွန်းစဏ္ဍားဥပမာ

ဥပမာပြတော့ကို သုသာန်ထဲမှာနေတဲ့ ဒွန်းစဏ္ဍားလေးတွေကို မောင်နိုင် ဥပမာပြရမယ်. . . (မှန်ပါဘုရား)၊ ဒွန်းစဏ္ဍားတွေဟာ နန်းတော် အိမ်တော် မရောက်ဖူးဘူးနော်။

သုသာန်ထဲမွေးပြီး သုသာန်ထဲကြီးရရှာရတယ်။ သို့သော် သူတို့မှာတော့ ဒီနေရာမွေး၊ ဒီနေရာကြီးဆိုတော့ သူတို့အရေးက မြေတူးရမယ်၊ တချို့မီးရှို့ချင်တဲ့အလောင်းလာလို့ရှိရင် မီးရှို့ပေးရမယ်၊ ဒါသူတို့ကိစ္စလို့ မဆိုနိုင်ပေဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## ကြောက်ခြင်းလန့်ခြင်းမရှိတော့

အဲ့ဒါတွေချည့်လုပ်နေတော့ သူတို့မှာတော့ ရိုးရာဖြစ်နေတော့ ကြောက်ခြင်း၊ လန့်ခြင်း၊ ရွံခြင်း ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)၊ မလာမှာပဲ စိုးနေတယ်. . . (မှန်ပါဘုရား)၊ မလာရင် ငွေဝင်နည်းတယ်. . . (မှန်ပါဘုရား)။

မလာရင် . . . (ငွေဝင်နည်းပါတယ်ဘုရား)၊ အဲ့ဒီ တော့ မလာရင် ငွေဝင်နည်းပြီးသကာလနေတော့၊ မောင်နိုင် သူတို့ကတော့ဖြင့် မီးရှို့နေရတဲ့ကိစ္စဟာ သူတို့ကိစ္စဟာ အကြိုက်ဖြစ်နေတယ်. . . (မှန်ပါဘုရား)၊ ငိုသံကြားရင် သူတို့ဘာတုံး . . . (အကြိုက်ဖြစ်နေပါတယ်ဘုရား)။

## ငိုသံကြားရင်ဝမ်းသာတယ်

ဟိုကဖြင့် ငိုသံ အတော်များပြီဟော့၊ လူစုပြီး ဆွေကြီး မျိုးကြီး သေတာနဲ့ တူတယ်လို့ ကြားလို့ရှိရင် ဒီဒွန်းစဏ္ဍားက ဝမ်းသာတယ် (မှန်ပါဘုရား)၊ ဘာကြောင့်တုံးဆိုလို့ရှိရင်ဖြင့် မသာကြီးချဆိုလို့ရှိရင်ဖြင့် ကွမ်း၊ ဆေး၊ လက်ဖက် အစရှိသည် တို့ ပေါလိမ့်မယ်၊ ကျင်းတူးခ၊ မီးရှို့ခ ဆိုသလိုငွေများလိမ့်မယ်ဆို ပြီး သကာလ၊ မသိခင်တုန်းကတော့ဖြင့်၊ သူ့ကိုစွဒွန်းစဏ္ဍား အလုပ်ကို ဒွန်းစဏ္ဍားအလုပ်လို့ မသိခင်တုန်းကတော့ ဒါတွေ လာလေ ပျော်ပါးကောင်းလေ . . . (မှန်ပါဘုရား)။

ဘယ်နှယ့်တုံး. . (ဒါတွေလာလေ ပျော်ပါးကောင်းလေ ပါဘုရား)၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## ဒွန်းစဏ္ဍားပျော်

ဒီမှာလဲကဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နဂိုတုန်းက တော့ဖြင့် ဒီခန္ဓာကိုယ်ကြီးဟာ အသုဘ၊ ဒုက္ခမီးလောင်နေတာ၊ ခဏ ခဏ မီးရှို့နေရတာပဲ၊ သို့သော် မသိခင်တုန်းကတော့၊ လူ့ဘဝအရတော်သေးရဲ့၊ သားနဲ့ သမီးနဲ့၊ ဆွေနဲ့ မျိုးနဲ့ တော်သေးရဲ့ဆိုတော့ ခင်ဗျားတို့ ပျော်နေတာသည်ကား ဒွန်းစဏ္ဍားပျော်ပဲ . . . (မှန်ပါဘုရား)။

ကိုယ့်ဟာလေးနဲ့ကိုယ် ပျော်နေတဲ့ အပျော်ဟာလေ. . (မှန်ပါဘုရား)၊ ဘာပြုလို့တုံးဆိုတော့ ဒကာ ဒကာမတွေသိတဲ့ အတိုင်းတဲ့၊ အဝိဇ္ဇာက ဖုံးပြီးသကာလထားတဲ့အခါကျတော့ ကိစ္စဉာဏ်က မဝင်သာဘူး . . . (မှန်ပါဘုရား)။

ကိစ္စဉာဏ် မဝင်လာတော့ တဏှာက ကို၀၊ ဒွန်းစဏ္ဍား ပျော် ပျော်နေတယ်. . . (မှန်ပါဘုရား)၊ ဒီ အသုဘခန္ဓာ ကိုယ်ကြီးရနေတာ ဘယ်နှယ့်ဖြစ်နေသတုံး. . . (ပျော်နေပါ တယ်ဘုရား)၊ အသုဘ ခန္ဓာကြီးလောင်နေတာမြင်လိုက်ပြန်ရင် လည်း. . . (ပျော်နေပါတယ်ဘုရား)။

အင်း. . . လောင်နေတာမြင်လိုက်ပြန်တော့ မီးရှို့ခဆို တော့ ပိုရတယ်ကွဆိုပြီးသကာလ ဒီလိုပျော်နေတယ်. . . (မှန်ပါဘုရား)၊ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

## ဒွန်းစဏ္ဍားအိမ်

ခန္ဓာကိုယ်ကြီးအကြောင်း မသိခင်တုန်းကပေါ့ဗျာ. . . (မှန်ပါ)၊ နောက်ကျလာတဲ့အခါကျတော့ ဒွန်းစဏ္ဍားသည်ကား ဆိုရင်၊ သူ့အိမ်သူ့ရာကြည့်ပြန်တော့လည်း ဦးဘရှင်းရေ၊ တလား ပျက်တို့ လောင်တိုက်ပျက်တို့ ခေါင်းစင်တို့နဲ့ ကာရံထားတာတွေ . . . (မှန်ပါဘုရား)၊ သူ့အိမ်ကလည်း ကျက်သရေရှိရဲ့လား. . .

(မရှိပါဘူးဘုရား)၊ သူလုပ်နေရတဲ့အလုပ်ကကော. . . (ကျက်သရေမရှိပါဘုရား)။

မရှိပေမယ့်လည်း သူပျင်းသလား၊ ပျော်သလား မေးတော့. . . (ပျော်ပါတယ်ဘုရား)၊ ကိုင်း ကို၀၊ သူ့ဟာနဲ့သူ ပျော်နေတာ ပေါ်ပြီလား. . . သိပျော်လား၊ မသိပျော်လား . . . (မသိပျော်ပါဘုရား)။

## မီးလောင်နေတာမသိလို့

ဒီမှာလည်း ဒကာ ဒကာမတွေမှာတဲ့ ကိစ္စညာဏ်မရခင် တုန်းက ဩော်. . ကိုယ့်သားနဲ့သမီးနဲ့၊ ကိုယ်ကလည်း ကျန်းကျန်း မာမာနဲ့ ခုနက မီးလောင် လောင်နေတာကို မမြင်ဘဲ ကိုးဗျ. . . (မှန်ပါဘုရား)။

မမြင်တော့ ပျော်မနေဘူးလား. . . (ပျော်ပါတယ် ဘုရား)၊ ဟ ! ဘာပျော်ပါလိမ့်မတုံး မေးရင်. . . (ဒွန်းစဏ္ဍား ပျော်ပါဘုရား)၊ ဒွန်းစဏ္ဍားပျော်၊ မသိလို့ပျော်တာ . . . (မှန်ပါ ဘုရား)၊ ရိပ်မိကြပြီလား . . . (ရိပ်မိပါပြီဘုရား)။

## မသိလို့ပျော်ရှာတာ

ဘာပျော်ပါလိမ့်. . . (ဒွန်းစဏ္ဍားပျော်ပါဘုရား)၊ သူဇာတိမှာ မီးရှို့နေရတာကို အပျော်ကြီးကိုဗျ . . . (မှန်ပါဘုရား)၊ တလားပျက်၊ လောင်တိုက်ပျက် အိမ်ဆောက်နေရတာကိုကော . . . (ပျော်ပါတယ်ဘုရား)။

မြေပုံပေါ် ကစားနေရတာကိုကော. . . (ပျော်ပါတယ်ဘုရား)၊ ဘာကြောင့်တုံးလို့မေးတဲ့အခါကျတော့ မသိလို့ပျော်ရှာတာ . . . (မှန်ပါဘုရား)၊ သဘောပါကြပြီလား . . . (ပါပါပြီဘုရား)။

## မီးလောင်ခံနေရတာ ပျော်နေတယ်

ကိစ္စညာဏ်မရသေးတော့ မောင်နိုင်၊ ဒီဒကာ ဒကာမတွေ ကိုယ်ရတဲ့ ဘဝကလေးမှာ ကိုယ်ပျော်ပြီးသကာလ နေတာသည်၊ ခဏခဏ မီးလောင်ခံနေရတဲ့ ကိစ္စကြီးကိုပဲ သူမှာပျော်နေတယ် . . . (မှန်ပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒွန်းစဏ္ဍားပျော်ဆိုတာ နာစရာရှိရဲ့လား . . . (မရှိပါဘုရား)၊ သဘောပါကြပြီလား . . . (ပါပါပြီဘုရား)။

နောက်ကျတော့ ကတညာဏ်ဘက် ကူးသွားတော့ ဒကာ ဒကာမတို့၊ နန်းတော်အိမ်တော်ကြီးကို သူမျက်စိလည်ပြီး ရောက်သွားတဲ့အခါကျတော့မှ၊ သူ တလားပျက်၊ လောင်တိုက် ပျက်တွေကို သူအရုပ်ဆိုးမှန်း သူမသိပေဘူးလား . . . (သိပါတယ်)၊ မြို့နန်းတော် အိမ်တော်ထဲ ရောက်သွားတဲ့အချိန် ကျတော့လေ . . . (မှန်ပါဘုရား)။

## ဒွန်းစဏ္ဍားအိမ်နှင့်နန်းတော်

သူ့မှာ စားရတာလည်း ကူတို့ခနဲ့စားရတယ်၊ မြေတူးစား ရတယ်၊ ကွမ်းဆေး လက်ဖက်ကလည်း အကျန်အကြွင်းတွေ စားရတယ်၊ အိမ်ဆောက်နေရပြန်လည်း တလားပျက် လောင် တိုက်ပျက်တွေနဲ့ဆိုတာ၊ ခုနက နန်းတော် အိမ်တော် ရောက်သွားတော့မှ ကိုယ်ကျိုးနည်းပဟော့ဆိုတာ သူ့ဟာသူ သိတယ် . . . (မှန်ပါ)။

ဒီမှာလည်း ကိစ္စညာဏ်ကနေပြီး ခုနက လောင်စာမီးငြိမ်း တာမြင်လိုက်တဲ့ အခါကျတော့မှ၊ ကိုဝရေ နန်းတော် အိမ်တော် ရောက်သွားတာကိုး . . . (မှန်ပါ)၊ သူနေခဲ့တာတွေ ကျက်သရေ ရှိတယ်လို့ ယူသေးရဲ့လား . . . (မယူပါဘုရား)။

## ငိုသံကြားရင်ပျော်သေးရဲ့လား

ခုနက ငိုသံကြားနဲ့ ပျော်သေးရဲ့လား . . . (မပျော်ပါ)၊ ပြောင်းမသွားသေးဘူးလား. . . (ပြောင်းသွားပါပြီဘုရား)။

ဒါဖြင့် ဘယ်ဉာဏ်က ဘယ်ဉာဏ်ပြောင်းပုံကို ဥပမာပေးတာလဲဆိုတာကော ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား)။

ဘယ်ဉာဏ်က ဘယ်ဉာဏ်ပါလိမ့် . . . (ကိစ္စဉာဏ်က ကတဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်တုန်းကတော့ အလောင်ခံနေရတဲ့ ကိစ္စသာ သူသိတယ်၊ ဒါထုံးစံပဲ ခုရမှာပဲဆိုတာသာ သိတယ်(မှန်ပါ့)၊ မသိဘူးလား. . . (သိပါတယ်ဘုရား)။

လောင်ခြင်းကိစ္စကို မြင်အောင် ကြည့်နေရတာကိုးဗျ. . (မှန်ပါ)။

နောက်တော့ ဒီမြင်ဖန်များလာတဲ့အခါကျလို့ရှိရင် ဒီအဖြစ်ကိုဖြင့် လိုပဲမလိုချင်ပါဘူး၊ ဒီကိစ္စလောက် ဆိုးဝါးတာ လည်းရှာမတွေ့ပါဘူး၊ ဒီကိစ္စမျိုးဖြင့် မကြုံချင်တော့ပါဘူးဆိုတဲ့ ဉာဏ်လာတော့၊ ခုနက လောင်စာသိမ်း မီးငြိမ်းတဲ့ဆီကို ဉာဏ်ကမရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား)။

ရောက်သွားတဲ့အခါကျတော့မှ နန်းတော် အိမ်တော်ရောက်သွားတော့၊ ကိုယ့်ဟာတွေ ပြန်လွမ်းသေးရဲ့လား (မလွမ်းပါဘုရား)။

## ကတညာဏ်ကျမှ အဖိုးတန်သွားတယ်

အဲ. . . ကိစ္စညာဏ်တုန်းကအသိနည်းသေးလို့. . . (မှန်ပါ)၊ ကတညာဏ်ကျမှ အဖိုးတန်သွားတယ်. . . (မှန်ပါ့)၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

ကိစ္စညာဏ်တုန်းကတော့. . . (အသိနည်းပါသေးတယ်)၊ ကတညာဏ်ကျတော့. . . (အဖိုးတန်ပါတယ်)၊ အသိဆုံးပြီကိုးဗျ . . . (မှန်ပါ)၊ ဒကာကြီးလှိုင် ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဒါဖြင့် ကိစ္စညာဏ်မပါဘဲနဲ့လည်း ကတညာဏ်ဆိုတာ မပေါ်နိုင်ဘူး. . . (မှန်ပါ)၊ ပေါ်နိုင်ပါ့မလား. . . (မပေါ်နိုင်ပါဘုရား)။

ကိုယ်လုပ်နေတဲ့ အလုပ်ကို၊ မီးလောင်ခံနေရတဲ့ ကိစ္စကြီးကို ဒကာ ဒကာမတွေ ဖြိုင်ဖြိုင်သိပါမှ မီးလောင်တာသည်ကားလို့ဆိုရင်၊ ဒုက္ခအစစ်ကို ပိုင်ပိုင်နိုင်နိုင်သိတော့မှ၊ ဒီအဖြစ်ဟာဖြင့် အဆိုးဝါးဆုံးဒုက္ခပဲလို့ ညာဏ်ထဲမှာ ရင့်လာတော့မှ မီးလောင်တဲ့ ကိစ္စက ရုပ်သိမ်းသွားတယ်. . . (မှန်ပါ)။

ရုပ်သိမ်းသွားတော့ ဘာဖြစ်သတုံးမေးတော့၊ ဘာမြင်ရသတုံး မေးတော့ လောင်စာသိမ်း၊ မီးလည်းငြိမ်းတာ သွားမြင်တယ်. . . (မှန်ပါဘုရား)။

## လောင်စာလည်းသိမ်း၊ မီးလည်းငြိမ်း

လောင်စာလည်းသိမ်း မီးလည်းငြိမ်းတာ သွားမြင်တာက၊ ကိုယ့်ခန္ဓာသွားမြင်တယ်. . . (မှန်ပါ)။

ကိုယ့်ခန္ဓာထဲမှာ လောင်စာကော တွေ့သေးရဲ့လား. . (မတွေ့ပါ)၊ မီးကော. . . (မတွေ့ပါဘုရား)။

အဲ. . . မီးသိမ်းတာက နောက်က ကိလေသာသေတာ၊ လောင်စာ သိမ်းတာတွေက ရုပ်ရှုရင်ရုပ်ချုပ်တာ. . . (မှန်ပါ)၊ နာမ်ရှုရင်. . . (နာမ်ချုပ်ပါတယ်ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)။

မီးသိမ်းတာက၊ နောက်က မဂ္ဂသစ္စာက ဒိဋ္ဌိ ဝိစိကိစ္ဆာဆိုတဲ့ မီးတွေသိမ်းပစ်လိုက်တာ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အင်း. . . ရှေ့မှာ ဖြစ်ပျက်ဒုက္ခတွေ မတွေ့တာက လောင်စာသိမ်းတာ. . . (မှန်ပါ)။

ရှေ့မှာ ဖြစ်ပျက်မတွေ့တာက. . . (လောင်စာသိမ်းတာပါဘုရား)။

နောက်က တဏှာဒိဋ္ဌိ မလာတာ. . . (ကိလေသာငြိမ်းတာပါ)၊ မီးသိမ်းတာ၊ မီးငြိမ်းတာ၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ရှေ့ပိုင်းဖြစ်ပျက် မရှိတာက. . . (လောင်စာသိမ်းတာပါ)၊ လောင်စာသိမ်းတာဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

အင်း. . . ကိလေသာ မီးတွေကကော၊ နောက်ပိုင်းက ငြိမ်းတာဆိုတာကော သေချာပလား. . . (သေချာပါပြီဘုရား)။

## ကတဉာဏ်ကျမှမြင်တယ်

အဲဒါ ဘယ်ဉာဏ်ကျမှ ဒီလောင်စာသိမ်း၍ မီးငြိမ်းတာဆိုတာ မြင်ရမလဲဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီ)၊ ဘယ်ဉာဏ်ကျမှလဲ. . . (ကတဉာဏ်ကျမှပါဘုရား)။

ဒါဖြင့် ကိစ္စဉာဏ်က လောင်စာနဲ့ မီးလောင်နေတာကို မြင်တဲ့ဉာဏ်သည် ဘာဉာဏ်တုံး. . . (ကိစ္စဉာဏ်ပါဘုရား)။

ရှင်းကြပြီနော်. . . (မှန်ပါ)၊ လောင်စာနဲ့ မီးလောင်နေတာ မြင်ရတာသည်. . . (ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်၊ သို့သော်လည်း သူလည်း တဏှာတော့ သတ်ပါတယ်၊ ဒီဌှာကော. . . (သတ်ပါတယ်)၊ သူ့ဟာသူ လောင်နေတာ သေသေချာချာ မြင်ပေါ့ကိုးဗျ. . . (မှန်ပါ)။

အဲဒီတော့ သူရင့်လာတဲ့အခါကျလို့ရှိရင် ဒီအဖြစ်မျိုးကြုံချင်သေးရဲ့လား. . . (မကြုံချင်ပါဘုရား)။

အဲ. . . မကြုံချင်တဲ့အချိန်ဉာဏ်ရင့်လာလို့ မကြုံချင်တာသည် ကိစ္စဉာဏ်ရင့်တယ်. . . (မှန်ပါ)။

## ဖြစ်ပျက်လဲရှာမတွေ့တော့ဘူး

ရင့်နိုင်သရွေ့ရင့်လို့ ရှုဖန်များလို့ ရင့်သွားတဲ့ အခါကျတော့ လောင်စာကကော မြင်သေးရဲ့လား. . . (မမြင်ရပါဘုရား)၊ ဖြစ်ပျက်လည်းရှာမတွေ့ဘူး. . . (မှန်ပါ)၊ နောက်က ဒိဋ္ဌိဝိစိကိစ္ဆာကကော. . . (ငြိမ်းပါတယ်ဘုရား)။

ဒါဖြင့် အဲဒါကတော့ ဘယ်လိုဆိုကြမတုံးလို့ မေးတော့ ကိုယ့်သန္တာန်မှာ လောင်စာလည်းသိမ်း၍ ကိုယ့်ကိလေသာမီးငြိမ်းတာ. . . (မှန်ပါ)။

ကိုယ့်သန္တာန်မှာ. . . (လောင်စာသိမ်း၍ မီးငြိမ်းပါတယ်)၊ လောင်စာသိမ်းပြီ . . . (မှန်ပါ)၊ ဒီဉာဏ်ကနေပြီး ဖြတ် လိုက်တာ နောက်ပိုင်းက မီးတွေကကော. . . (ငြိမ်းသွားပါတယ်ဘုရား)။

ရှေ့ပိုင်းက လောင်စာသိမ်းတယ်၊ နောက်ပိုင်းက . . . (မီးငြိမ်းသွားပါတယ်ဘုရား)။

မီးငြိမ်းတာကိုတဲ့၊ ဒကာ ဒကာမတွေ ခုနက ဉာဏ်ကလေးက မမြင်ရဘူးလား. . . (မြင်ရပါတယ်ဘုရား)။

မြင်ရတဲ့အခါကျတော့ ဖြစ်ပျက်တွေ မရှိဘူးဘုရား. . . ချုပ်သွားပြီ၊ ဘာမှကို တပည့်တော်ဖြင့် မတွေ့ဘူးဆိုတော့မှ ဒွန်းစဏ္ဍားဘဝ ကျွတ်သွားတယ်. . . (မှန်ပါ)၊ နန်းတော်၊ အိမ်တော်မြင်ရပြီကွ. . . (မှန်ပါ)။

ဒကာ ဒကာမတွေ ကိန်းရာဌာန ဖြစ်တဲ့ နိဗ္ဗာန်ကြီးကို ... . (မြင်ရပါပြီဘုရား)။

## နိဗ္ဗာန်ဆိုတာ ဘာတုံး

အဲဒါကြောင့် ယနေ့ဟောတဲ့တရားမှာ နိဗ္ဗာန်ဆိုတာ ဘာတုံးလို့မေးတဲ့အခါကျမှ လောင်စာသိမ်း၍ မီးငြိမ်းတာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ဆိုတာ မြို့ကြီးလား. . . ပြကြီးလားမေးရင် ဘယ့်နှယ်ဖြေကြမလဲ. . . (လောင်စာသိမ်း၍ မီးငြိမ်းတာပါဘုရား)။

ဒါဖြင့် လောင်စာနဲ့မီးလောင်နေတာမှ ကိစ္စညာဏ်မရဘဲနဲ့ ကိုပေါ်. . . ကိုဝတို့က လောင်စာသိမ်း၍ မီးငြိမ်းတာကို ဘယ့်နှယ်နည်းရောက်မလဲ. . . (မရောက်ပါဘုရား)။

သူ့ကို ရှုံ့မုန်းပြီးသကာလ၊ မလိုချင်မှ ဟိုဘက်ရမှာ. . . (မှန်ပါ)၊ ကတညာဏ်က ပေါ်မှာ . . . (မှန်ပါ)။

ဒါဖြင့် ကိစ္စညာဏ်မပေါ်ဘဲနဲ့ ငါနိဗ္ဗာန်ရခဲ့တယ်ဆိုလို့ရှိရင်ဖြင့် ကိုပေါ်. . . ကိုဝ. . . ယုံကြမလား. . . (မယုံပါဘုရား)၊ သဘောပါကြပလား . . . (ပါပါပြီဘုရား)။

## ဖြစ်ပျက်ရှုနေတာ ကိစ္စညာဏ်လုပ်နေတာ

အဲဒီတော့ ခင်ဗျားတို့ အလုပ်လုပ်နေတဲ့ဖြစ်ပျက်ရှုနေတာ၊ ကိစ္စညာဏ် လုပ်တယ်လို့ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ)။

ခင်ဗျားတို့ အလုပ်လုပ်နေတာ. . . (ကိစ္စညာဏ် လုပ်နေတာပါဘုရား)။

ကိစ္စညာဏ်လုပ်နေတာ. . . (မှန်ပါ)၊ တစ်နေ့လည်း ဘုရား. . . ဒီဖြစ်ပျက်ပဲဖြစ်လိုက် ပျောက်သွားတာပဲ မြင်နေတာပဲ၊ ဖြစ်လိုက် ပျောက်သွားတာပဲ၊ မြင်တာပဲ၊ ဒီဖြစ်ပျက်ပဲ ညာဏ်အောက်ကကို မထွက်သေးပါဘူး ဆိုတဲ့ဥစ္စာ၊ ကိစ္စညာဏ် မရင့်သေးဘူး . . . (မှန်ပါ)၊ ကိစ္စညာဏ်ကို မြင်နေတာပဲ . . . (မှန်ပါ)။

နောက်ကျလာတော့ မြင်ဖန်များပြီးသကာလ၊ လာတဲ့အခါကျတော့ ဦးဘရှင်းရေ. . . ဒီလောင်စာသိမ်း၍ မီးငြိမ်းချင်တဲ့စိတ်ဟာ ပေါ်မလာဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ပေါ်လာတဲ့အချိန်ကျတော့ ခုနက လောင်စာနဲ့ မီးတွေသည် ငြိမ်းချင်တဲ့သဘောလည်း ပေါ်ပါရော၊ ဖျတ်ဆိုဖြစ်ပျက်ချုပ်တာပဲ. . . (မှန်ပါ)။

ဖြစ်ပျက်ချုပ်သွားတာကို သူမမြင်ရဘူးလား. . . (မြင်ရပါတယ်)၊ ရှုတဲ့ညာဏ်ကတော့ အစဉ်အတိုင်းမြင်ရမှာပဲ. . . (မှန်ပါဘုရား)။

## ကိစ္စဉာဏ်ရှေ့သွားပြီးမှကတဉာဏ်

အဲဒီမြင်တဲ့ဉာဏ်သည် ကတဉာဏ်. . . (မှန်ပါ)၊ မီးလောင်နေတာ မြင်တဲ့ဉာဏ်က. . . (ကိစ္စဉာဏ်ပါ)၊ လောင်စာသိမ်း၍ မီးငြိမ်းတာမြင်တဲ့ဉာဏ်က . . . (ကတဉာဏ်ပါဘုရား)။

ဒါဖြင့် တရားတစ်ပွဲလုံးပဲ ယနေ့ အင်မတန်အဖိုးတန်တဲ့ စကားနှစ်လုံးတည်းပဲ သုံးပါတယ်. . . (မှန်ပါ)၊ ဖြစ်ပျက်မြင်တာသည်. . . (ကိစ္စဉာဏ်ပါ)၊ ဖြစ်ပျက်ဆုံးသွားတာ မြင်တာသည်. . . (ကတဉာဏ်ပါဘုရား)။

ဩော်. . . ဒါဖြင့် ကိစ္စဉာဏ်ရှေ့သွားရှိမှ ကို၀. . . ကတဉာဏ်လိုက်မယ်. . . (မှန်ပါ)။

နောက်က ဒကာ ဒကာမတွေ. . . (ကိစ္စဉာဏ် ရှေ့သွားပြီးမှ ကတဉာဏ် လိုက်ပါမယ်ဘုရား)။

## ကိစ္စနှင့်ကတ ဝေးသလား

ဒါဖြင့် ကိစ္စနဲ့ ကတ ဝေးသလားလို့မေးတော့ ဦးဘရှင်းက ဘယ့်နှယ်ဖြေမလဲ. . . (အနီးပါဘုရား)၊ အနီးကလေး။

အဲဒါကြောင့် ဘုရားက သံယုတ် ပါဠိတော်ကျတော့

ယဿာ ဧတာဒိသံ ယာနံ၊ ဣတ္ထိယာ ပုရိသဿဝါ။

သဝေ ဧတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ။

နိဗ္ဗာနဿေဝ =နိဗ္ဗာန်၏ သာလျှင်၊ သန္တိကေ=ကိစ္စဉာဏ်ရလို့ရှိရင်ဖြင့် အနီးကလေးကွာ. . . (မှန်ပါ)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ကိစ္စဉာဏ်ရရင်. . . (အနီးကလေးပါဘုရား)၊ ဒါဖြင့် ကိစ္စဉာဏ်ဆိုတာ ခင်ဗျားတို့ရှုနေတဲ့ဖြစ်ပျက်. . . (မှန်ပါ)၊ ကတဉာဏ်ဆိုတာသည် ခင်ဗျားတို့ ရှုနေတဲ့ ဖြစ်ပျက်ဆုံးတာကို မြင်တဲ့ဉာဏ်ဟာ. . . (ကတဉာဏ်ပါဘုရား)၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

တဲ ... ယနေ့ ဒီတွင်တော်ကြဦးစို့. . .

သာဓု ... သာဓု ... သာဓု